# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၂၈ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁) ဒေါက်တာမေသန်းနွယ် | ၁၂/တမန(နိုင်) ၀၄၁၃၉၆ | ဒဂုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) ဦးညီညီသွယ် | ၁၂/လမတ(နိုင်) ၀၀၀၃၀၇ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) ဒေါ်အေးအေးမြင့် | ၁၂/ဆကခ(နိုင်) ၀၁၅၉၈၂ | ဆိပ်ကြီး/ ခနောင်တိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

*စာမျက်နှာ ၈ ကော်လံ ၁*

**ယနေ့ ဖတ်စရာ**

### အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ပြည်တွင်းသတင်း စာ ၃

### ပြည်ထောင်စုနေ့ကို သက်သေတည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ အတူတကွတည်ဆောက်ကြမည်

ဆောင်းပါး စာ ၆

## မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တွင် ဖော်ပြထားပါသည်။



## မြန်မာ့သနပ်ခါးပွဲတော်နေ့ မန္တလေးကျောက်တော်ကြီးဘုရား၌ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁

မြန်မာ့သနပ်ခါးချစ်သူများ စုပေါင်းကျင်းပသော တပို့တွဲလပြည့် မြန်မာ့သနပ်ခါးပွဲတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးတစ်တုံး အခမဲ့ လက်ဆောင်ယူပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်(တပို့တွဲလပြည့်)နေ့က မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား ရွှေကျောင်းတော်ကြီးအနီး အရှေ့ဘက်မုခ်ဦး၌ ပြုလုပ်ခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၁*

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ နိုင်ငံတော်အလံများဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် ကြိုဆိုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်းအတွင်း ကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်အား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြောကြားရာ၌ ယခုကြားနာမှုမှာ နောက်ဆုံးအဆင့် နှစ်ဖက်စုံညီလျှောက်လဲကြားနာမှုဖြစ်ပြီး အမှု၏ အရေးကြီးဆုံးအဆင့် ဖြစ်ပါကြောင်း၊ ထိုအမှု၏အရေးကြီးပုံကို အားလုံးလည်းသိရှိပြီး ဖြစ်ပါကြောင်း၊ တရားရင်ဆိုင်မှုတွင် သရေမရှိ၊ ပူးတွဲချန်ပီယံမရှိဘဲ အနိုင်၊ အရှုံး နှစ်မျိုးသာရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ထိုအမှုတွင် မည်သို့မျှ အရေးနိမ့်၍ မဖြစ်သည့်အတွက် မိမိတို့တစ်ဖွဲ့လုံး ကျားကုတ်ကျားခဲ ကြိုးစား၍ ရင်ဆိုင်ထုချေ လျှောက်လဲခဲ့ကြပါကြောင်း၊ မိမိတို့အဖွဲ့ဆိုရာတွင် မြန်မာနိုင်ငံမှ သွားရောက်ရင်ဆိုင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့နှင့် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာရှေ့နေအဖွဲ့များ အတူတကွ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အမှုရင်ဆိုင်ခဲ့သည့် ရက်ပေါင်း ၂၀ တွင် အချိန်လု၍ ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ မိမိတို့အဖွဲ့သည် နေ့မအား၊ ညမနား ကြိုးပမ်းလုပ်ဆောင် ကြရပါကြောင်း၊ တချို့နေ့ရက်များတွင် ညလုံးပေါက် မနားတမ်း ဆောင်ရွက်ခဲ့ကြရပါကြောင်း။

အမှန်တကယ်တွင် ထိုအမှုမှာ ရက်ပေါင်း၂၀ သာ အပြင်းအထန် လုပ်ခဲ့ရသည် မဟုတ်ဘဲ မိမိတို့ လုပ်ငန်းအဖွဲ့သည် အမှုတွင် ခိုင်ခိုင်မာမာ တုံ့ပြန်ချေပနိုင်ရန် ငါးနှစ်ခန့် ကျားကုတ်ကျားခဲ ကြိုးပမ်းခဲ့ကြရပါကြောင်း၊ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး လည်း ကြုံခဲ့ရပါကြောင်း။

ယင်းအနေအထားမှ နောက်ဆုံးကြားနာမှုတွင် မိမိတို့ပင်ပန်းခဲ့ရကြိုးနပ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်သာမက အချက်အလက်ပိုင်းဆိုင်ရာမှာပါ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံနှင့် အချိန်မီပြုစု တင်ပြလျှောက်လဲနိုင်ခဲ့ပါကြောင်း။

ပထမဆုံး ကျေးဇူးတင်လိုသည်မှာ အမှုနှင့်ပတ်သက်၍ အစမှ အဆုံးတိုင် မိမိတို့အဖွဲ့အား ယုံယုံကြည်ကြည်ဖြင့် တာဝန်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့် တကွ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

အလားတူ အမှုတစ်လျှောက်လုံး ငါးနှစ်တာကာလနှင့် နောက်ဆုံးတိုက်ပွဲရက် ၂၀ အထိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အစစအရာရာ အနစ်နာခံ၊ အပင်ပန်းခံ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် မိမိ၏ ရဲဘော်ရဲဘက် ICJ လုပ်ငန်းအဖွဲ့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှင့်အတူ မိမိတို့၏အဖြစ်မှန်ကို နားလည်သိရှိ၍ မိမိတို့ဘက်မှ စေတနာအပြည့်ဖြင့် ဝတ်ကျေတန်းကျေမဟုတ်ဘဲ ခုခံကာကွယ် လျှောက်လဲပေးခဲ့သည့် နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ သွားရောက်တရားရင်ဆိုင်ခဲ့ရသည့် အကြိမ်တိုင်းတွင် အစစ၊ အရာရာ အဆင်ပြေစေရန် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည့် မြန်မာသံရုံးဘရပ်ဆဲလ်မှ သံရုံးဝန်ထမ်းများ၊ တစ်ထောက်နားခဲ့သည့် လေဆိပ်များတွင် လာရောက်ကူညီခဲ့ကြသည့် သံရုံးဝန်ထမ်းများ၊ မိမိတို့ ဥပဒေ စစ်မြေပြင်ရှေ့တန်းတွင် တိုက်ပွဲဝင်နိုင်စေရန် မြန်မာနိုင်ငံအတွင်းမှ အချက်အလက်များကို ပြည့်ပြည့်စုံစုံရအောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ မီဒီယာများနှင့် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ရဲဘော်ရဲဘက်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးသဖြင့် မိမိတို့ ICJ ဆိုင်ရာ မြန်မာအဖွဲ့ကို ရင်ထဲ၊ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးခဲ့ကြသည့် အမိမြန်မာပြည်မှ ပြည်သူလူထုကြီး တစ်ရပ်လုံးကို မိမိတို့အဖွဲ့က အစဉ်ထာဝရကျေးဇူးတင်နေမည် ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက မိမိတို့နှင့်အတူ အားပေးရပ်တည်ခဲ့မှုသည် မိမိတို့အတွက် အဖိုးမဖြတ်နိုင်သည့် ခွန်အားဖြစ်ခဲ့ပါကြောင်း၊ ပြည်သူပါသည့်ဘက်က စစ်နိုင်သည်ဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြီးတစ်ခုလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပြီး လက်တွဲ ဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်အခက်အခဲမဆို၊ ကြမ်းတမ်းသည့် စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံး မျှော်လင့်တောင့်တနေကြသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အားလုံးစည်းလုံးညီညွတ်မှုနှင့် ရွှေရောင်အနာဂတ်ကို အတူတကွ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း။

မကြာခင် ပေါ်ပေါက်လာတော့မည့် နိုင်ငံတော်၏ အခင်းအကျင်း အသစ်နှင့်အတူ မိမိတို့ချစ်သည့် မြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်၊ တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် ရည်မှန်း၍ မိမိတို့အားလုံး နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို တက်တက်ကြွကြွသီဆိုကာ မိမိတို့၏ နိုင်ငံချစ်စိတ်ကို ပြသပေးကြပါစို့ဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**တစ်ခဲနက်ကြိုဆိုထောက်ခံ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်တန်းဖြင့် ပြန်လည်ထွက်ခွာရာ လမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသားကျောင်းသူများက ဗီနိုင်းပိုစတာများ ကိုင်ဆောင်ပြီး နိုင်ငံတော်အလံများဝှေ့ယမ်းကာ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက်ကြိုဆိုထောက်ခံကြောင်း ပြသခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဆောင်ရွက်ခဲ့သော ကြားနာပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အဖွဲ့အား ရဟန်းရှင်လူ ပြည်သူများ၊ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြစဉ်။

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ စည်းလုံးညီညွတ်စွာဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ အနိုင်ရရှိသော အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို မြန်မာ့ရိုးရာဓလေ့များ ထိန်းသိမ်းတန်ဖိုးထားတတ်စေရန်၊ ကြိုတင်ပြင်ဆင်မှုနှင့် စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ရရှိစေရေန်၊ လုပ်ငန်းခွင်အတွင်း စည်းလုံးညီညွတ်ပျော်ရွှင်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများနှင့် တွေ့ဆုံ





**နေပြည်တော် ဖေဖော်ဝါရီ ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကျင်းပနိုင်ရေးအတွက် နေပြည်တော်တွင် ရောက်ရှိနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများနှင့် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည့် နေပြည်တော်ရင်ပြင်ရှိ ယာယီကွပ်ကဲရေးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိ၍ MSME များ ငွေကြေးအရင်းအနှီးရရှိရေး၊ နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME ထုတ်ကုန်များအား ပြည်သူအများသိရှိရေး၊ လုပ်ငန်းရှင်အချင်းချင်း အသိပညာဖလှယ်နိုင်ရေး၊ နည်းပညာများရရှိရေးတို့အတွက် ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီပံ့ပိုးပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အကြီးအကဲကလည်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အမျိုးသားအဆင့်ပြပွဲ**

ယခုကျင်းပသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သည် သာမန်ထုတ်ကုန်ပစ္စည်း ပြသခြင်း၊ ရောင်းချခြင်းမဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသည့်မူဝါဒကို အကောင်အထည်ဖော် လက်တွေ့ပြသသည့် အမျိုးသားအဆင့် ပြပွဲတစ်ခုဖြစ်သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများအနေဖြင့် လုပ်ငန်းတာဝန်များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ ပြခန်းများကိုလည်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ထွက်ရှိသည့် ထုတ်ကုန်များစာရင်း၊ ပြည်ပသို့တင်ပို့ရန် အသင့်ဖြစ်နေသည့်ထုတ်ကုန်၊ သွင်းကုန်အစားထိုးထုတ်ကုန်၊ စိုက်ပျိုးရေးအခြေခံထုတ်ကုန် စသည်ဖြင့်ခွဲခြား၍ ပြုစုထားရှိရမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များနှင့် စပ်လျဉ်း၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲလာသည့်တန်ဖိုး၊ ထုတ်လုပ်မှုကွင်းဆက်အလိုက် ပြောင်းလဲလာသည့်တန်ဖိုးတို့ကို စနစ်တကျ တွက်ချက်ထားရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပြီးစီးသွားပါကလည်း ထုတ်ကုန်များကိုဝယ်ယူသူများနှင့် ချိတ်ဆက်ရောင်းချနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသွားရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်၍ ယခင်တွေ့ကြုံခဲ့သည့် အားနည်းချက်များကို သုံးသပ်ဖြည့်ဆည်း ဆောင်ရွက်သွားရန်နှင့် အားသာချက်များကို ပိုမိုပြည့်စုံကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပြည်ထောင်စုအဆင့်နှင့် လျော်ညီအောင် ချိတ်ဆက်ပူးပေါင်း၍ ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခင်းကျင်းပြသရောင်းချသွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နဝမအကြိမ် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း အသင်းသားစုံညီတွေ့ဆုံပွဲ ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၁**

နဝမအကြိမ် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း၏ အသင်းသားစုံညီတွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းနာယက မြန်မာ့ရေကူးလက်ရွေးစင်ဟောင်း ဒေါက်တာနန္ဒကျော်စွာ၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီး၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်သီချင်းနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအဖွဲ့က ပွဲတိုင်းကျော်သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ ကွယ်လွန်သွားကြသည့် မြန်မာ့လက်ရွေးစင်ဟောင်းများကို လွမ်းဆွတ်ခြင်းအထိမ်းအမှတ်အနေဖြင့် ၁ မိနစ် ငြိမ်သက်၍ ဂါရဝပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အားကစားလောက တိုးတက်အောင်မြင်စေရေး၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ ချစ်ခင်ညီညွတ်စွာစုစည်း၍ အချင်းချင်း လူမှုရေးလိုအပ်ချက်များ၊ အခက်အခဲများကို ကူညီစောင့်ရှောက်ပေးနိုင်စေရေး၊ နိုင်ငံတော်၏ အားကစားဆိုင်ရာ ကိစ္စရပ်များတွင် တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်စေရေးတို့အတွက် ရည်ရွယ်ပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းကို ဖွဲ့စည်းရခြင်းဖြစ်ပါကြောင်း၊ လက်ရွေးစင် အားကစားသမားဟောင်းအင်အား ၄၄၄ ဦးခန့်သည် အသင်းနှင့် ဆက်သွယ်ပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည့် အသင်းသားများနှင့် စုံညီတွေ့ဆုံပွဲအခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက လှူဒါန်းငွေအပြင် အားကစားဝတ်စုံ Sport Shirt နှင့် အနွေးဝတ်စုံTrack Suit များကိုလည်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအနေဖြင့် ကူညီဆောင်ရွက်ပေးနေမှုများကို ယခုထက် ပိုမိုဆောင်ရွက်ပေးနိုင်ပါရန်နှင့် အကြံပြုချက်များ၊ ဆွေးနွေးချက်များကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ ပေးပို့ပေးသွားပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်ကြူနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းဥက္ကဋ္ဌ မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀၀၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်း၊ အားကစားဝတ်စုံ Sport Shirt အထည် ၂၅၀ နှင့် အနွေးဝတ်စုံ Track Suit ၂၅ စုံ၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးအေးမြင့်ကြူက လှူဒါန်းသည့် ငွေကျပ် နှစ်သိန်းနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ လက်ရွေးစင် အားကစားသမားများ၊ MNL ဘောလုံးအသင်းများမှ လှူဒါန်းသည့် အလှူငွေ စုစုပေါင်း ငွေကျပ် ၉၀၉ သိန်းကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြန်မာ့အားကစားလက်ရွေးစင် ဟောင်းများအသင်းဥက္ကဋ္ဌနှင့် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်းနာယကတို့က လက်ခံပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❐ ***ရှေ့ဖုံးမှ***

ဘုရားပွဲတော်လာကြသော သနပ်ခါးချစ်သူများအား သနပ်ခါးလိမ်းလာလျှင် သနပ်ခါးတုံးတစ်တုံးကို လက်နောက်ပြန်ယူစနစ်ဖြင့် လက်ဆောင်ပေးခြင်းဖြစ်ပြီး ပွဲတော်လာပြည်သူများအား သနပ်ခါးတုံး ထောင်ပေါင်းများစွာကို ပေးဝေနိုင်ခဲ့ကြောင်း၊ နှစ်စဉ်မပျက်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ သနပ်ခါးပွဲတော်ကို သနပ်ခါးထုတ်လုပ်သူများနှင့် သနပ်ခါးဆက်စပ်လုပ်ငန်းရှင်များက ပါဝင်ပံ့ပိုးပေးထားကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

# ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အခုကတည်းကစပြီး နိုင်ငံတော်ရဲ့ ကိစ္စရပ်တွေမှာ တစ်ထောင့်တစ်နေရာကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းသာယာဝပြောရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ပြီးတော့ ဆောင်ရွက်ပေးလိုပါတယ်. . .

(မောင်ရောင်စဉ်ထွန်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိရာ လာရောက်ကြိုဆိုခဲ့ကြသူများအနက်မှ တွေ့ဆုံမေးမြန်းထားသူများ၏ ပြန်လည်ဖြေကြားထားသည်များကို ဖော်ပြလိုက်ပါသည်-



မောင်ရောင်စဉ်ထွန်း



ဦးဇော်လွင်ဦး



ဦးထင်ကျော်မိုး



မဖြိုးသီရိကျော်



မောင်ဟိန်းစွမ်းသူ

**မောင်ရောင်စဉ်ထွန်း**
**(ရန်ကင်းပညာရေးဒီဂရီကောလိပ်)**

ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ တရားမျှတတဲ့ အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ သွားရောက်ဖြေရှင်းပေးခဲ့ကြပြီး ပြန်လည်ရောက်ရှိလာကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုရတဲ့အတွက် ရန်ကင်းပညာရေးဒီဂရီကောလိပ် မိသားစုအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ လူငယ်တိုင်း လူငယ်တိုင်းမှာ ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး အစရှိတဲ့ နိုင်ငံတော်ရဲ့ သမိုင်းပေးတာဝန်တွေကို လူငယ်တွေအနေနဲ့ နောင်တစ်ချိန်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစကောင်းမှ အနှောင်းသေချာ ဆိုသလိုမျိုးပဲပေါ့။ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အခုကတည်းကစပြီး နိုင်ငံတော်ရဲ့ ကိစ္စရပ်တွေမှာ တစ်ထောင့်တစ်နေရာကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းသာယာဝပြောရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ပြီးတော့ ဆောင်ရွက်ပေးလိုပါတယ်။ အခု အပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းခဲ့တဲ့အမှုက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို စွဲဆိုခြင်း မဟုတ်ဘဲ နိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ အမှုဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ အမြင်နဲ့ ပြောရမယ်ဆိုရင် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ကိုယ့်နိုင်ငံရဲ့ လွတ်လပ်ခွင့်ဆိုတာ ရှိပါတယ်။ အခုအမှုကို သွားရောက်ဖြေရှင်းပေးခဲ့တဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**ဦးဇော်လွင်ဦး**
**(ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ လုပ်ငန်းကော်မတီ)**

ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်မှာ အစစ၊ အရာရာအဆင်ပြေစေဖို့ အခက်အခဲ၊ အနှောင့်အယှက်၊ အတားအဆီးများ မရှိဘဲ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ချောချောမွေ့မွေ့နဲ့ တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရင် ကောင်းတာပေါ့။ အခက်အခဲ၊ အနှောင့်အယှက်၊ အတားအဆီးတွေကို ဝိုင်းဝန်းပြီး မိသားစုစိတ်ဓာတ်နဲ့ ဖြေရှင်းနိုင်ရင် အောင်မြင်နိုင်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေအားလုံးက ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေ၊ ကျွန်တော်တို့လုပ်ရမယ့် တာဝန်တွေကို သိရှိပြီးတော့ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ICJ မှာ သွားရောက်ဖြေရှင်းပြီး ပြန်လည်ရောက်ရှိလာတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ရှင်းလင်းပြောကြားချက်တွေကို လိုက်နာမှတ်သားပြီး ဘယ်လိုဆောင်ရွက်မယ်၊ ဘယ်လို လိုက်နာရမယ်ဆိုတာတွေ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးအတွက် ပူးပေါင်းဆောင်ရွက်လိုတဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒီနေ့ လူငယ်ကဏ္ဍအနေနဲ့ လာရောက်ဂုဏ်ပြုကြိုဆိုတာ ဖြစ်ပါတယ်။ အဓိကကတော့ ကိုယ့်တိုင်းပြည်မှာ ဘာအနှောင့်အယှက်မှ မရှိစေချင်တဲ့အတွက်ကြောင့် ဒါတွေကို ဝိုင်းဝန်းဝန်းရံ ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။

**ဦးထင်ကျော်မိုး**
**(ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း)**

မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက မဟုတ်မမှန်လုပ်ကြံပြီးတော့ စွပ်စွဲတာနဲ့ ပတ်သက်ပြီးတော့ မြန်မာကိုယ်စားလှယ်အဖွဲ့က သွားရောက်ဖြေရှင်းတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာကိုယ်စားလှယ် အဖွဲ့နဲ့အတူ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်ဆိုတာကို ပြသချင်တဲ့အတွက်ကြောင့် အခုလို လာရောက်ဂုဏ်ပြုကြိုဆိုတာ ဖြစ်ပါတယ်။ အခုလို လာရောက်ကြိုဆိုရတဲ့အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီမှာ လာရောက်ဂုဏ်ပြုကြိုဆိုတဲ့သူတွေကို ကြည့်မယ်ဆိုရင် ပြည်တွင်းမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့အစည်းတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေလည်း အားတက်သရော လာရောက် ဂုဏ်ပြုကြိုဆိုကြတာတွေ့ရပါတယ်။

**မဖြိုးသီရိကျော်**
**(သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်)**

ကျွန်မအနေနဲ့ကတော့ ကိုယ့်ရဲ့နိုင်ငံအတွက် မတရားစွပ်စွဲခံရတာကို မြန်မာကိုယ်စားလှယ်အဖွဲ့က ICJ မှာ သွားပြီးဖြေရှင်းပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်က ကျောင်းသားကျောင်းသူ ၅၀၀ လောက်လာပြီး ဂုဏ်ပြုကြိုဆိုတာပါ။ အခြားကျောင်းက ကျောင်းသား ကျောင်းသူတွေလည်း လာရောက်ကြိုဆိုတယ်လို့ သိရပါတယ်။ အခုလိုမျိုး ကိုယ့်နိုင်ငံအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့က ဖြေရှင်းပေးပြီး ပြန်ရောက်လာကြတာကို ကြိုဆိုရတဲ့အတွက် မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ ဂုဏ်ယူမဆုံးဖြစ်ပြီး ဝမ်းသာမိပါတယ်။

**မောင်ဟိန်းစွမ်းသူ**
**(သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်)**

ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးကို ရဲဝံ့စွာ သွားရောက်ဖြေရှင်းခဲ့တဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ လာရောက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ သွားရောက်ဖြေရှင်းခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အားရကျေနပ်မှုရှိပါတယ်။ လူငယ်တွေအနေနဲ့ အပျော်အပါးမမက်ဘဲ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးရမယ်၊ ကိုယ့်နိုင်ငံရဲ့သမိုင်းကြောင်းကိုလဲ သိထားရမယ်၊ သမိုင်းကိုမသိထားရင် အလိမ်အညာခံရမယ်။ ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်း သိထားမှသာ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မှာပါ။

**တွေ့ဆုံမေးမြန်း - ရန်ကုန်သတင်းအဖွဲ့**
**ဓာတ်ပုံ - ဇော်မင်းလတ်**

## လက်ပံတန်း၌ စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းရှင်များအား အသိပညာပေး

**လက်ပံတန်း ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းရှင်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များ အသိပညာပေးဆွေးနွေးပွဲကို လက်ပံတန်းမြို့နယ် ဒေသသုတေသနဇုံဟိုဌာန၌ ယမန်နေ့က ကျင်းပခဲ့သည်။

ဦးစွာ လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ် ဒေသသုတေသနဇုံဟိုဌာနမှ ဒေါက်တာကျော်စွာဦးက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ် ဒေသသုတေသနဇုံဟိုဌာနမှ ဒေါက်တာကျော်စွာဦး၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းမြေအသုံးချရေးတာဝန်ခံ၊ တိုင်းမျိုးစေ့တာဝန်ခံ၊ တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံတို့က ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ သွင်းအားစု လုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်ထုတ်လုပ်ခြင်း စသည့်အကြောင်းအရာများကို လက်ကမ်းစာစောင်များဖြင့် ရှင်းလင်းပြောကြားရာ သာယာဝတီခရိုင်အတွင်း ခြောက်မြို့နယ်မှ သွင်းအားစုလုပ်ငန်းရှင် ၁၀၀ တက်ရောက်ခဲ့ပြီး မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဏိစည်သူဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁ ရက်က ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့် ဈေးမိဈေးဖများ လက်တွေ့မီးငြိမ်းသတ်နည်း လေ့ကျင့်သရုပ်ပြပြုလုပ်ကြစဉ်။ ဒီပါလင်း

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုနေ့ကို သက်သေတည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ အတူတကွတည်ဆောက်ကြမည်

**မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြောင်းကို သက်သေထူပြသည့်အနေဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့၌ ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သည့် တိုင်းရင်းသားကိုယ်စားလှယ်များက ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။**

မောင်ငြိမ်းအေး

> **“ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုသည်မှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်း ဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ စွမ်းဆောင်နိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားသည် အဓိကကျသည်။ ထိုသို့အင်အားများ စုစည်းပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ပိုမိုအောင်မြင်မှုရှိသည်ကို နိုင်ငံတော်အစိုးရက နှစ်နှစ်ကာကာ လက်ခံယုံကြည်ထားသည် ”**

နယ်ချဲ့ဗြိတိသျှတို့က မတတ်သာသည့်အဆုံးတွင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသော်လည်း စည်းလုံးညီညွတ်မှု ပြိုကွဲစေနိုင်သော အမွေဆိုးများပါ ရရှိခဲ့သည်။ နယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့၏ပယောဂအမျိုးမျိုးနှင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများဖြင့် တိုင်းရင်းသားအချင်းချင်း သံသယများ၊ စိတ်ဝမ်းကွဲမှုများ၊ အမုန်းတရားများ၊ အာဃာတများဖြစ်ပေါ်ကာ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။

နယ်ချဲ့တို့၏ သွေးခွဲမှုနှင့် မြန်မာတို့၏ အစွဲအမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ခေတ်အဆက်ဆက်အစိုးရများက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ပဋိပက္ခများ မချုပ်ငြိမ်းသေးဘဲ ယနေ့ထက်တိုင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံပိုင်အဆောက်အအုံများနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများမှာ တိုင်းပြည်တစ်ပြည်ထူထောင်နိုင်ရေးထက် ပိုများနိုင်သည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိဆန္ဒကိုသာ ရှေ့တန်းတင်ဦးစားပေး ဖန်တီးဆောင်ရွက်မှုများသည် ပြည်သူများကိုသာ ဆင်းရဲတွင်းနက်စေသည်။ ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုနှင့် နိုင်ငံရေးပြဿနာများသည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည်။

## ငြိမ်းချမ်းရေး အစပျိုးနိုင်ခဲ့

မျက်မှောက်ကာလတွင် စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် မတည်ဆောက်နိုင်ဘဲ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်မှုများကြောင့် အင်အားကြီးနိုင်ငံအချို့က ဝင်ရောက်စွက်ဖက်မှုများရှိလာပြီး ကမ္ဘာ့နိုင်ငံအချို့ ပြိုကွဲ / ပျက်စီးသွားသည့်အခြေအနေကို အတိတ်ကာလများနှင့် မျက်မှောက်အခြေအနေများတွင် တွေ့မြင်နိုင်သည်။ အီရတ်၊ ဆီးရီးယား၊ လစ်ဗျား၊ ယူကရိန်း၊ ဗင်နီဇွဲလားနိုင်ငံတို့၏ ဖြစ်ရပ်များက သင်ခန်းစာယူဖွယ်ရာများဖြစ်သည်။ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားခြင်း၊ မိမိနိုင်ငံကို မိမိလူမျိုးများက ကာကွယ်စောင့်ရှောက်မှု မရှိခြင်း၊ မိမိနိုင်ငံ ပြဿနာကို မိမိနိုင်ငံ၏ နည်းလမ်းဖြင့် မဖြေရှင်းနိုင်ခြင်းတို့ကြောင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်ခြင်းခံရပြီး မိမိနိုင်ငံသာ နစ်နာဆုံးရှုံးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် တိုင်းပြည်စီးပွားရေးကျပ်တည်းမှုကို အကြောင်းပြု၍ လူထုအုံကြွမှုဖြစ်ပေါ်လာချိန်တွင် ပြည်တွင်းပြည်ပမှ ပယောဂမျိုးစုံပူးကပ်ပြီး တိုင်းပြည်ပြိုကွဲလုမတတ် ဖြစ်ခဲ့သည့်အခြေအနေကို တပ်မတော်က အချိန်မီထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်က နိုင်ငံ့တာဝန်ယူသည့်ကာလများတွင် အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး ယာယီအပစ်အခတ်ရပ်စဲရေး၊ လက်နက်စွန့်လွှတ်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းသည့် ပထမအစိုးရကာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ပြီး ငြိမ်းချမ်းရေးအရှိန်အဟုန်ကို အစပျိုးနိုင်ခဲ့သည်။

## သွေးထိုးမြှောက်ပင့်ပေး

ဒီမိုကရေစီအစပျိုးကာလတွင် တိုးတက်မှုများရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပန်းတိုင်မရောက်မီ တက်ကျိုးမည့်အခြေအနေများနှင့် ကြုံတွေ့ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို လျစ်လျူရှုကာ တစ်ပါတီအာဏာရရှိရေး မသမာမှုများ လုပ်ကိုင်လာသည့်အတွက်တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့ရသည်။ ထိုအခါ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက အခြေအနေကိုအခွင့်ကောင်းယူကာ နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ ဆူပူအကြမ်းဖက်မှုများဖြစ်အောင် လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ခဲ့ကြပြီး နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်အဖွဲ့များက လမ်းမှားရောက်ခဲ့သည့် လူငယ်လူရွယ်များအား သွေးထိုးမြှောက်ပင့်ပေးပြီး တိုက်ပွဲဖော်ဆောင်ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းတို့ ကျယ်ပြန့်အောင် လုပ်ဆောင်ခဲ့ကြသည်။

တိုင်းပြည်တွင် စည်းလုံးညီညွတ်မှုလျော့ရဲပြီး တည်ငြိမ်အေးချမ်းမှုကင်းမဲ့လာပါက ပြည်ပမှ စွက်ဖက်မှုများ ပေါ်ပေါက်လာစမြဲဖြစ်သည်။ **“မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ”** ဆိုသည့်အတိုင်း သဘောထားမမှန်သည့် ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်းမှ နိုင်ငံတော်ကို သစ္စာဖောက်သူများက ပယောဂမျိုးစုံ ဖန်တီးပြီး **“မီးလောင်ရာ လေပင့်”** ပေးကြသည်။ သေချာဆန်းစစ်ကြည့်မည်ဆိုလျှင် စနစ်ကြောင့်လည်းမဟုတ်၊ ဝါဒကြောင့်လည်းမဟုတ် အမုန်းတရားများ၊ အာဃာတများ၊ လိုရာစေစားလိုမှုများကြောင့် ဖြစ်ပေါ်လာသည့် သွေးခွဲမှုများ၊ မြှောက်ပင့်ပေးမှုများသည် မိမိတို့လူမျိုးအချင်းချင်း တိုက်ခိုက်ခြင်းသာဖြစ်၍ မိမိတို့သာ ပျက်သုဉ်းနေရသည်ကို သတိပြုဖို့လိုသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားလာသည်နှင့်အမျှ **“နွားကွဲလျှင် ကျားဆွဲမည်”** ဆိုသကဲ့သို့ ပြည်ပအန္တရာယ်များရှိလာနိုင်သည်ကို ပြည်တွင်းပြည်ပအခြေအနေများက ထင်ဟပ်ဖော်ပြလျက်ရှိသည်။

## အမွေကောင်းများ ထားခဲ့

ပြည်ထောင်စုကြီးနှင့် အချုပ်အခြာအာဏာသည် အစဉ်ထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည့် နိုင်ငံတော်၏ အသက်ဝိညာဉ်ပင်ဖြစ်သည်။ ပြည်ထောင်စုပြိုကွဲလျှင် အချုပ်အခြာအာဏာဆုံးရှုံးပြီး လွတ်လပ်ရေးဆုံးရှုံးသကဲ့သို့ ဖြစ်ပေမည်။ မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်း နောက်ခံများနှင့်အတူ ပထဝီအနေအထားအရ အဓိကကျသည့်နေရာတွင် တည်ရှိနေသည့်အပြင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများလည်း ယနေ့ထက်တိုင်ရှိနေသည်။ စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိပါက နိုင်ငံပြိုကွဲမည့် အခြေအနေမျိုးများ ထပ်မံကြုံတွေ့လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မိမိတို့ဆန္ဒများကိုသာ မကြည့်ဘဲ အဘက်ဘက်၏အခြေအနေကို ဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။ ပြည်တွင်း ပြည်ပ၌ ဖြစ်ပေါ်နေသည့် ပထဝီနိုင်ငံရေးအခြေအနေများကို သင်ခန်းစာယူပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံအတွက် ကောင်းမွန်သည့် အမွေများထားခဲ့မှသာ မိမိတို့ကာလ၊ မိမိတို့မျိုးဆက်များအတွက် တာဝန်ကျေမည်ဖြစ်သည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး နယ်ချဲ့ရန်ကို တွန်းလှန်ကာကွယ်ခဲ့သည်။ အမျိုးသားခေါင်းဆောင်များက စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်၍ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်သည် ပြည်သူများနှင့် လက်တွဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ပြည်ထောင်စုကြီး အစိတ်အမြွှာမြွှာ မပြိုကွဲအောင် သက်စွန့်ကြိုးပမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် လေးနက်စွာ ခံယူစောင့်ထိန်းကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားကို အားကောင်းစေသည့် ပြည်ထောင်စု စိတ်ဓာတ်ကို ခိုင်မာအောင် တည်ဆောက်ထားကြရမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံးက အထူးအလေးထားပြီး တက်ညီလက်ညီ အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

## စည်းလုံးညီညွတ်မှုအား

တိုင်းပြည် တည်ငြိမ်အေးချမ်းရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုသည်မှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်း ဆောင်ရွက်ခြင်းထက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ စွမ်းဆောင်နိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားသည် အဓိကကျသည်။ ထိုသို့ အင်အားများ စုစည်းပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ပိုမိုအောင်မြင်မှုရှိသည်ကို နိုင်ငံတော်အစိုးရက နှစ်နှစ်ကာကာ လက်ခံယုံကြည်ထားသည်။ အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းသည်မှာ မည်သည့်အခါမှ အောင်မြင်မှုမရသည်ကို အားလုံးနားလည်ပြီးသားဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံပြိုကွဲ ပျက်စီးသည့် အခြေအနေမျိုးသို့ မရောက်ရှိခဲ့ပါ။ နိုင်ငံပြိုကွဲပျက်စီးစေနိုင်မည့် ဖျက်ဆီးလုပ်ကြံမှုများနှင့်သာ ကြုံတွေ့နေရခြင်းဖြစ်သည်။

ကြုံတွေ့ခဲ့သော စိန်ခေါ်မှုများ၊ အခက်အခဲအကျပ်အတည်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ကဏ္ဍပေါင်းစုံမှ ပြည်သူအားလုံး အတူလက်တွဲပြီး ရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့ခြင်းသည် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။ နိုင်ငံတွင် သွေးကွဲမှုများရှိသလို စည်းလုံးညီညွတ်မှုများလည်း အားကောင်းနေဆဲဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံသူ နိုင်ငံသားအားလုံး ပါဝင်နိုင်ရန် နိုင်ငံတော်အစိုးရက အားလုံးကို ဖိတ်ခေါ်လက်တွဲဆောင်ရွက်လျက်ရှိသည်။ သဘောထားကွဲလွဲခဲ့ကြသူများအနေဖြင့် မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မှန်ကန်စွာရှုမြင်သုံးသပ်ပြီး မိမိတို့အကျိုး၊ ပြည်ထောင်စုကြီးအကျိုးကို ရှေးရှု၍ နိုင်ငံတော်အစိုးရ၏ ဖိတ်ခေါ်မှုတွင် ပါဝင်လက်တွဲဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

## အတူပူးပေါင်းလက်တွဲ

နိုင်ငံတော်အနေဖြင့် ဖြတ်သန်းလာခဲ့သော ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားသည့် တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တပ်မတော်သားများသည်လည်း ပြည်သူလူထုကြားမှ ပေါက်ဖွားလာကြသူများဖြစ်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် အဆင့်ဆင့်လမ်းခင်းပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပြောင်းလဲမှုအခက်အခဲများ၊ အကျပ်အတည်းများကို တပ်မတော်က ဖြေရှင်းပေးနေခြင်းဖြစ်သည်။ ထိုအခြေအနေကို စိတ်ရှင်းလင်းစွာ လက်ခံယုံကြည်ထားပြီး အတူပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ *စာမျက်နှာ ၇ သို့*

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ဂန္ဓကုဋိတိုက်စံကျောင်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် ဂန္ဓကုဋိတိုက် စံကျောင်းတော်ကြီးအား အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဂန္ဓကုဋိတိုက်စံကျောင်းတော်ကြီး၌ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မာဓိပတိကျောင်းဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဗောဓိပရိယတ္တိစာသင်တိုက်ဆရာတော်၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာ့ဇောတိတာရုံကျောင်းဆရာတော်၊ အမရပူရမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်ဖြူမယ်ကျောင်း ဆရာတော်တို့ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်းနှင့် ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာပန္နက်တော်ကို စိုက်ထူတင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်ပက်ဖျန်းကြကာ ဆရာတော်အရှင်သူမြတ်များက ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော အောင်ဂါထာကို ရွတ်ဆိုချီးမြှင့်ကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ယင်းနောက် မဟာမုနိဘုရားကြီး (၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပင့်သံဃာအပါး ၁၁၀၀ အား ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အလှူရှင်များက ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ချောင်းဆုံမြို့နယ် ရွာလွတ်-ကတောင်စိန် ကျေးရွာချင်းဆက်တောင်ဖြတ်လမ်း၏ အကွေ့များသောနေရာများတွင် ကွန်ကရစ်လမ်းပခုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တောင်ဖြတ်လမ်းရေရှည် အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် နေရာများတွင် မြေထိန်းနံရံများ၊ ရေတိုက်စားမှုကာကွယ်ရေးအစီအမံများ ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ရွာလွတ်လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ရွာလွတ်ထုတ်ကုန်အမှတ်တရပစ္စည်း အရောင်းပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သော စက်ချုပ်သင်တန်း တက်ရောက်အောင်မြင်ပြီး တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စက်ချုပ်လုပ်ငန်း လုပ်ကိုင်နေကြသည့် ကွမ်းသဲကျေးရွာမှ သင်တန်းသူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ယင်းနောက် ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (VDP) စီမံကိန်း၊ ကျေးလက်စီးပွား မြင့်မာရေးရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်သဇင် သမဝါယမအသင်းနှင့် မွန်ပြည်နယ်သမဝါယမ အသင်းစုချုပ်တို့ ပူးပေါင်းဆောင်ရွက်နေသည့် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ တန် ၉၀ကျ ဆန်စက်နှင့် တန် ၁၂၀ စပါး အခြောက်ခံစက်တို့ကိုကြည့်ရှုစစ်ဆေးရာ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ ထွက်ရှိလာသော စပါးများကိုသမဝါယမအသင်းပိုင် ဆန်စက်ဖြင့် ဝယ်ယူကြိတ်ခွဲ၍ ပြန်လည်ရောင်းချခြင်းဖြင့် အသင်းသားတောင်သူများ ပိုမိုအကျိုးဖြစ်ထွန်းနိုင်သဖြင့် အချင်းချင်းစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မော်လမြိုင်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေး ပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံပြီး သမဝါယမကောလိပ်များနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်နိုင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေး စိတ်ဓာတ်အခြေခံပြည့်ဝသော သမဝါယမပညာတတ်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ သင်တန်းသားများအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် အသစ်ဆောက်လုပ်ထားသော သုံးထပ် RC စာသင်ဆောင်၊ နှစ်ထပ်သင်တန်းသား အိပ်ဆောင်နှင့် ရေချိုးခန်း၊ သန့်စင်ခန်းများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်အစိုးရက နိုင်ငံ့တာဝန်ယူခဲ့သည့် ကာလတစ်လျှောက် အများပြည်သူလိုလား တောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏ အဓိကကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရန်၊ နိုင်ငံသားတိုင်းအတွက် အရေးကြီးသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှု စီးပွားကဏ္ဍများ တိုးတက်စေရန်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး နိုင်ငံတော်အာဏာကို ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့်အစိုးရအား ချောမောအောင်မြင်စွာလွှဲပြောင်းပေးနိုင်ရန်အတွက် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည် မှန်သမျှကို ဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ မျက်မြင်ထင်ရှားဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တန်းတူညီမျှခံစားနိုင်ရေးအတွက်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ဝိုင်းဝန်းဖော်ဆောင်**

လက်ရှိတွင် နိုင်ငံနှင့် ပြည်သူ ကောင်းရာကောင်းကျိုးကို မလိုလားသည့် ပြည်ပနိုင်ငံ တချို့နှင့် စဉ်းစားတွေးခေါ်မှုနည်းပါးပြီး လမ်းမှားလိုက်နေကြသည့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းတချို့၊ အသိဉာဏ်နည်းပါးသည့် အကြမ်းဖက်သမားများနှင့် အားပေးထောက်ခံသူအချို့ကြောင့် ယခုအချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ အောင်မြင်သင့်သလောက် မအောင်မြင်သည်ကို မှန်မှန်ကန်ကန် လက်ခံကြရမည်ဖြစ်သည်။

နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်နေကြသူများရှိသလို ပြည်တွင်း ပြည်ပမှ အဖျက်အမှောင့်ပယောဂများကို ယုံစားပြီး အသိပညာနည်းပါးသည့် ကိုယ်ကျိုးအတ္တသမားများ၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သူများလည်း ရှိနေသည်။ ထိုသို့ဖြစ်ပေါ်နေသည်ကို ပြည်သူများအနေဖြင့် စိတ်မပျက်၊ လက်မလျှော့ဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလက်တွဲပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုပါလျှင် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာစိုက်ထူနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကို သက်သေပြုပြီး ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့၏ အမျိုးသားရေးဦးတည်ချက်များ အောင်မြင်အောင် အားလုံးက ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

**၁ - ၂ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

❂ ရှေ့ဖုံးမှ

| | | | |
|---|---|---|---|
| (၄) ဒေါ်ဆွေဆွေဝင်း | ၁၂/ဒလန(နိုင်)<br>၀၀၉၁၅၇ | ဒလမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) ဦးဇွဲရန်နိုင်(ခ)<br>ဦးကိုကိုဇော် | ၁၂/ဒဂမ(နိုင်)<br>၀၀၉၂၈၆ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) ဦးသိန်းကျော် | ၁၂/ကတတ(နိုင်)<br>၀၂၁၉၈၀ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) ဦးတင်ရှိန် | ၁၂/မဂတ(နိုင်)<br>၀၀၄၈၈၃ | မင်္ဂလာတောင်ညွန့်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) ဦးငွေအောင် | ၅/ကသန(နိုင်)<br>၀၂၄၆၂၈ | သာကေတမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) ဒေါ်ဝင်းဝင်းအောင် | ၁၂/ဥကမ(နိုင်)<br>၀၁၆၃၁၃ | မြောက်ဥက္ကလာပမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဒေါက်တာထူးမောင် | ၅/ရဥန(နိုင်)<br>၀၁၇၇၃၉ | တာမွေမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) ဦးချစ်ကိုကို | ၁၂/ဒဂန(နိုင်)<br>၀၀၂၂၂၅ | ရန်ကင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) ဒေါ်အေးမင်းမိုး | ၁၂/ကတန(နိုင်)<br>၀၀၀၃၁၁ | ကျောက်တန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) ဦးအေးသိန်း | ၁၂/ခရန(နိုင်)<br>၀၀၇၁၆၉ | ခရမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) ဒေါ်ခင်မြတ်စု | ၁၂/သခန(နိုင်)<br>၀၃၈၂၅၁ | သုံးခွမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) ဦးမျိုးမြင့် | ၁၂/စခန(နိုင်)<br>၀၀၄၇၇၅ | စမ်းချောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) ဦးမင်းမင်း | ၁၂/ခရန(နိုင်)<br>၀၇၃၁၄၁ | လှိုင်သာယာ(အနောက်ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) ဦးကြည်စိုး | ၁၂/သခန(နိုင်)<br>၀၂၆၆၆၄ | လှိုင်သာယာ(အရှေ့ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | | |
|---|---|---|---|
| (၁၈) ဦးကျော်ကျော်စိုး | ၈/ငဖန(နိုင်)<br>၀၁၁၇၉၉ | မြောက်ဥက္ကလာပမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) ဦးထင်ကျော်သူ | ၁၂/လကန(နိုင်)<br>၀၂၂၂၀၂ | မရမ်းကုန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးစံကျော် | ၁၂/ဆကန(နိုင်)<br>၀၀၀၈၄၃ | လှိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) ဒေါ်သင်းသင်းမိုး | ၁၂/မဘန(နိုင်)<br>၀၂၁၉၀၄ | ကြည့်မြင်တိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) ဦးထင်လင်းကျော် | ၁၂/သဃက(နိုင်)<br>၁၆၁၀၀၁ | စမ်းချောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) ဒေါ်ခိုင်ဆုရည်ဇော် | ၁၂/စခန(နိုင်)<br>၀၆၅၄၁၂ | ဗဟန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) ဦးကျော်လင်း | ၁၂/လမတ(နိုင်)<br>၀၁၆၆၅၂ | ကမာရွတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၅) ဦးအောင်ခိုင်ဦး | ၅/ကဘလ(နိုင်)<br>၀၀၆၅၆၃ | အလုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၆) ဒေါ်စောစောဦး | ၁၂/လသန(နိုင်)<br>၀၀၃၉၄၁ | လမ်းမတော်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၂၇) ဦးသန်းထွေး | ၁၂/ပဘတ(နိုင်)<br>၀၀၈၆၂၇ | ပန်းဘဲတန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၂၈) ဦးကျော်မင်းထက် | ၈/သရန(နိုင်)<br>၀၉၈၅၁၂ | ကျောက်တံတားမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၂၉) ဒေါက်တာ<br>တင်အောင်ခိုင် | ၁၂/တမန(နိုင်)<br>၀၁၇၀၂၀ | ဒဂုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၀) ဒေါ်အေးမြသဲဖြူ | ၁၄/ဖပန(နိုင်)<br>၀၉၄၈၅၃ | လသာမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )**

| | | | |
|---|---|---|---|
| (၃၁) ဦးဇော်မိုးထက် | ၁၀/ကထန(နိုင်)<br>၀၆၇၇၀၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) ဒေါ်စန်းစန်းဝင်း | ၁၂/သဃက(နိုင်)<br>၀၁၅၅၅၉ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) ဒေါ်ဥမ္မာအောင်(ခ)<br>ဂျာတောင် | ၁၂/ဒဂန(နိုင်)<br>၀၂၉၁၈၄ | သဃ်န်းကျွန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) ဦးသော်တာ | ၁၂/သဃက(နိုင်)<br>၀၇၅၈၅၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်သူ့ပါတီ |
| (၃၅) ဦးဝင်းထိန် | ၁၂/တမန(နိုင်)<br>၀၆၀၁၉၃ | ဒဂုံမြို့သစ်(မြောက်ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၃၆) ဒေါ်မိုးသူဇာ | ၇/ပခန(နိုင်)<br>၂၄၄၀၅၈ | တောင်ဥက္ကလာပမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၇) ဦးညဏ်ထက်ခိုင် | ၁၂/ကမတ(နိုင်)<br>၀၆၄၈၃၁ | တာမွေမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |
| (၃၈) ဦးဇော်တင် | ၁၂/ဗတထ(နိုင်)<br>၀၀၉၆၉၁ | ရန်ကင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ<br>လယ်သမားဖွံ့ဖြိုး<br>တိုးတက်ရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )**

| | | | |
|---|---|---|---|
| (၃၉) ဦးသန့်စင်ကျော် | ၁၃/လရန(နိုင်)<br>၁၀၄၃၇၀ | လှိုင်သာယာ(အရှေ့ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) ဦးနေလင်းထွန်း | ၁၂/ကတန(နိုင်)<br>၀၆၇၀၂၆ | လှိုင်သာယာ(အနောက်ပိုင်း)<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) ဦးဝင်းထွန်းနိုင်(ခ)<br>ရွှေဘော် | ၁၂/ကမန(နိုင်)<br>၀၆၆၂၁၀ | အင်းစိန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) ဒေါ်စုစုမင်း | ၁၂/ဆကခ(နိုင်)<br>၀၀၉၅၈၅ | တွံတေးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) ဦးသန်းဦး | ၇/သကန(နိုင်)<br>၀၀၀၀၇၈ | ဒလမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ၈၈မျိုးဆက်ကျောင်းသား<br>လူငယ်များ(ပြည်ထောင်စု<br>မြန်မာနိုင်ငံ) ပါတီ |
| (၄၄) ဦးလေးစိုး | ၁၂/ဗတထ(နိုင်)<br>၀၂၀၉၁၂ | ကော့မှူးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ၈၈မျိုးဆက်ကျောင်းသား<br>လူငယ်များ(ပြည်ထောင်စု<br>မြန်မာနိုင်ငံ) ပါတီ |
| (၄၅) ဒေါ်စန္ဒာဝင်း | ၁၂/ပဇတ(နိုင်)<br>၀၀၂၂၀၇ | ကွမ်းခြံကုန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၄၆) ဦးဝင်းကျော်ဦး | ၁၀/မလမ(နိုင်)<br>၁၄၁၃၂၉ | ဆိပ်ကြီး/ခနောင်တို<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၄ )**

| | | | |
|---|---|---|---|
| (၄၇) ဦးမျိုးသော် | ၁၂/ဗတထ(နိုင်)<br>၀၃၂၃၇၆ | သန်လျင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) ဦးအောင်နိုင် | ၁၂/ကကက(နိုင်)<br>၀၀၀၆၆၁ | ကိုကိုးကျွန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) ဦးလှဝင်းမောင် | ၉/မနမ(နိုင်)<br>၀၈၉၄၂၄ | သာကေတမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) ဦးမျိုးမြင့် | ၁၂/ကတန(နိုင်)<br>၀၁၇၀၇၃ | ကျောက်တန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) ဦးဗိုလ်ဗိုလ်<br>ခင်မောင်တင့် | ၁၂/မဂတ(နိုင်)<br>၀၈၆၂၀၀ | ခရမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) ဦးလှငွေ | ၁၂/မဂတ(နိုင်)<br>၀၄၇၉၄၂ | သုံးခွမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၃) ဦးဝေယံပိုင် | ၁၂/သလန(နိုင်)<br>၁၂၈၃၈၄ | မင်္ဂလာတောင်ညွန့်<br>မြို့နယ်ကိုယ်စားလှယ်<br>အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၄) ဦးစိုးဦး | ၁၂/လကန(နိုင်)<br>၀၃၅၄၂၈ | ဒေါပုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၅၅) ဦးစိုးမြင့် | ၅/ကဘလ(နိုင်)<br>၀၉၆၈၄၀ | ပုဇွန်တောင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၅၆) ဦးစိုင်းအောင်မြင့်ခိုင် | ၁၃/လခတ(နိုင်)<br>၀၀၄၆၈၉ | ဗိုလ်တထောင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၃)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ဒဂုံမြို့နယ် | | | ၈၀၈၇ | ၁၂၃၅ | ၉၃၂၂ | |
| | | ဒေါက်တာမေသန်းနွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၄၈ | ၁၀၆၈ | ၆၃၁၆ | ၆၇.၇၅% |
| | | ဒေါ်စိုးစိုးနှင်း | ပြည်သူ့ပါတီ | ၁၁၆၀ | ၆၅ | ၁၂၂၅ | ၁၃.၁၄% |
| | | ဦးသီဟစိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၈ | ၅၈ | ၉၇၆ | ၁၀.၄၇% |
| | | ဦးအောင်ကိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၁ | ၄၄ | ၈၀၅ | ၈.၆၄% |
| ၂ | လမ်းမတော်မြို့နယ် | | | ၇၈၄၃ | ၁၃၈၄ | ၉၂၂၇ | |
| | | ဦးညီညီသွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၇ | ၉၆၄ | ၄၅၀၁ | ၄၈.၇၈% |
| | | ဒေါက်တာဥမ္မာကြည် | ပြည်သူ့ပါတီ | ၃၁၈၅ | ၂၈၆ | ၃၄၇၁ | ၃၇.၆၂% |
| | | ဦးတင်ဌေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၁ | ၁၃၄ | ၁၂၅၅ | ၁၃.၆၀% |
| ၃ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | | | ၁၄၂၆၂ | ၁၄၉၀ | ၁၅၇၅၂ | |
| | | ဒေါ်အေးအေးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၅၈ | ၁၀၀၃ | ၆၉၆၁ | ၄၄.၁၉% |
| | | ဦးနေဦး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၇ | ၁၉၉ | ၂၈၀၆ | ၁၇.၈၁% |
| | | ဒေါ်ဥမ္မာလွင် | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၀၄၄ | ၁၀၄ | ၂၁၄၈ | ၁၃.၆၄% |
| | | ဒေါ်မြင့်မြင့်မူ | ပြည်သူ့ပါတီ | ၁၄၀၃ | ၇၈ | ၁၄၈၁ | ၉.၄၀% |
| | | ဒေါ်ပြုံးပြုံးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၀ | ၄၁ | ၈၉၁ | ၅.၆၆% |
| | | ဒေါ်နော်လင်းသိင်္ဂီထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၉ | ၄၀ | ၈၇၉ | ၅.၅၈% |
| | | ဦးသူရအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၁ | ၂၅ | ၅၈၆ | ၃.၇၂% |
| ၄ | ဒလမြို့နယ် | | | ၄၆၉၂၅ | ၈၈၃၇ | ၅၅၇၆၂ | |
| | | ဒေါ်ဆွေဆွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၉၉ | ၇၇၄၄ | ၃၀၀၄၃ | ၅၃.၈၈% |
| | | ဦးစည်သူထွန်း | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၉၂၃ | ၄၅၀ | ၁၀၃၇၃ | ၁၈.၆၀% |
| | | ဦးမင်းကိုမောင် | ပြည်သူ့ပါတီ | ၄၂၁၂ | ၁၅၂ | ၄၃၆၄ | ၇.၈၃% |
| | | ဦးဗိုလ်ဇင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၀၃ | ၂၃၆ | ၄၀၃၉ | ၇.၂၄% |
| | | ဦးနေမျိုးဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၈၈ | ၁၀၆ | ၂၈၉၄ | ၅.၁၉% |
| | | ဦးသက်ဖြိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၀ | ၉၈ | ၂၅၇၈ | ၄.၆၂% |
| | | ဦးဖြိုးငယ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၂၀ | ၅၁ | ၁၄၇၁ | ၂.၆၄% |
| ၅ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | | | ၅၃၁၂၄ | ၂၄၄၅ | ၅၅၅၆၉ | |
| | | ဦးခွဲရန်နိုင်(ခ)ဦးကိုကိုဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၂၇ | ၁၆၉၀ | ၂၃၃၁၇ | ၄၁.၉၆% |
| | | ဦးကျော်စွာထွန်း | ပြည်သူ့ပါတီ | ၈၀၂၆ | ၁၆၁ | ၈၁၈၇ | ၁၄.၇၃% |
| | | ဒေါ်ယမင်းသက်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၂၄ | ၁၆၀ | ၆၄၈၄ | ၁၁.၆၇% |
| | | ဦးသက်ဇော်(ခ)တိုနီသက်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၁၂ | ၁၃၆ | ၅၉၄၈ | ၁၀.၇၀% |
| | | ဦးရဲမင်းဇာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၅၀ | ၈၈ | ၄၁၃၈ | ၇.၄၅% |
| | | ဒေါက်တာဖြူဖြူခိုင် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၃၆၈၉ | ၁၄၉ | ၃၈၃၈ | ၆.၉၁% |
| | | ဒေါ်သိမ့်အိခိုင်(ခ)မြင့်မိုရ်သွန်းခ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၆ | ၆၁ | ၃၆၅၇ | ၆.၅၈% |
| ၆ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | | | ၅၁၄၄၃ | ၃၆၂၈ | ၅၅၀၇၁ | |
| | | ဦးသိန်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၁၆၉ | ၂၆၅၃ | ၂၃၈၂၂ | ၄၃.၂၇% |
| | | ဦးကျော်အုံး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၃ | ၃၀၂ | ၇၇၀၅ | ၁၃.၉၉% |
| | | ဦးသူရဟန် | ပြည်သူ့ပါတီ | ၇၃၀၂ | ၁၇၉ | ၇၄၈၁ | ၁၃.၅၈% |
| | | ဒေါ်ဝေနှင်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၉၃ | ၁၆၉ | ၆၃၆၂ | ၁၁.၅၅% |
| | | ဒေါ်မေချောစုမွန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၄၇ | ၁၄၇ | ၄၀၉၄ | ၇.၄၃% |
| | | ဒေါ်မို့မို့ဇင်ကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၁၉ | ၁၁၂ | ၃၃၃၁ | ၆.၀၅% |
| | | ဦးစိုးညီဝင်း | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၂၂၁၀ | ၆၆ | ၂၂၇၆ | ၄.၁၃% |
| ၇ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | ၃၀၀၉၃ | ၁၈၉၂ | ၃၁၉၈၅ | |
| | | ဦးတင်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၅၁၀ | ၁၂၆၇ | ၁၄၇၇၇ | ၄၆.၂၀% |
| | | ဦးဌေးမြင့် | ပြည်သူ့ပါတီ | ၈၈၈၀ | ၃၁၁ | ၉၁၉၁ | ၂၈.၇၄% |
| | | ဒေါ်အေးအေးမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၄၂ | ၁၇၇ | ၄၈၁၉ | ၁၅.၀၆% |
| | | ဦးအောင်ခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၁ | ၁၃၇ | ၃၁၉၈ | ၁၀.၀၀% |
| ၈ | သာကေတမြို့နယ် | | | ၅၇၉၄၈ | ၄၄၆၅ | ၆၂၄၁၃ | |
| | | ဦးဌေးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၅၃ | ၃၁၉၂ | ၂၅၄၄၅ | ၄၀.၇၇% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၄၁ | ၃၇၁ | ၈၈၁၂ | ၁၄.၁၂% |
| | | ဦးတင်ထွန်းဝင်း | တစ်သီးပုဂ္ဂလ | ၇၉၈၈ | ၃၄၉ | ၈၃၃၇ | ၁၃.၃၆% |
| | | ဦးသောင်းထိုက် | ပြည်သူ့ပါတီ | ၇၅၉၈ | ၂၁၂ | ၇၈၁၀ | ၁၂.၅၁% |
| | | ဦးကျော်မျိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၄၈၀ | ၁၅၆ | ၆၆၃၆ | ၁၀.၆၃% |
| | | ဒေါ်သဲစုအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈၈ | ၁၈၅ | ၅၃၇၃ | ၈.၆၁% |
| ၉ | မြောက်ဥက္ကလာပမြို့နယ် | | | ၇၅၉၈၆ | ၆၀၀၁ | ၈၁၉၈၇ | |
| | | ဒေါ်ဝင်းဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၂၁၄ | ၃၀၇၇ | ၂၆၃၉၁ | ၃၂.၁၈% |
| | | ဦးသန်းထွဋ် | တစ်သီးပုဂ္ဂလ | ၁၁၁၇၀ | ၁၁၀၁ | ၁၂၂၇၁ | ၁၄.၉၇% |
| | | ဦးဝေဖြိုးအောင် | ပြည်သူ့ပါတီ | ၁၀၅၀၀ | ၃၆၁ | ၁၀၈၆၁ | ၁၃.၂၅% |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဒေါ်ရင်ရင်နု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၇၃ | ၅၀၅ | ၉၁၇၈ | ၁၁.၁၉% |
| | | ဒေါ်ဝင်းဂျူလိုင်နွေး | တစ်သီးပုဂ္ဂလ | ၇၇၁၁ | ၃၂၀ | ၈၀၃၁ | ၉.၈၀% |
| | | ဦးထွန်းထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၄၃ | ၂၅၅ | ၇၄၉၈ | ၉.၁၅% |
| | | ဦးသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၄၂၄၈ | ၁၈၈ | ၄၄၃၆ | ၅.၄၁% |
| | | ဦးသန့်ဇင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၂၇ | ၉၄ | ၃၃၂၁ | ၄.၀၅% |
| ၁၀ | တာမွေမြို့နယ် | | | ၂၈၉၉၅ | ၂၄၈၄ | ၃၁၄၇၉ | |
| | | ဒေါက်တာထူးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၄၀ | ၁၇၁၈ | ၁၃၈၅၈ | ၄၄.၀၂% |
| | | ဦးထွန်းထွန်းဦး | ပြည်သူ့ပါတီ | ၄၂၃၅ | ၂၀၃ | ၄၄၃၈ | ၁၄.၁၀% |
| | | ဒေါ်ဖြူဖြူညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၉၀ | ၂၃၉ | ၄၄၂၉ | ၁၄.၀၇% |
| | | ဦးကျော်မိုးဟန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၅၉ | ၉၈ | ၃၀၅၇ | ၉.၇၁% |
| | | ဒေါ်အေးအေးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၆၈ | ၉၃ | ၂၂၆၁ | ၇.၁၈% |
| | | ဒေါ်အေးငွေကျော်စွာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၉၆ | ၇၄ | ၁၈၇၀ | ၅.၉၄% |
| | | ဦးမောင်မောင်သန့်ဇော် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၁၅၀၇ | ၅၉ | ၁၅၆၆ | ၄.၉၈% |
| ၁၁ | ရန်ကင်းမြို့နယ် | | | ၂၀၄၀၄ | ၁၅၀၃ | ၂၁၉၀၇ | |
| | | ဦးချစ်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၄၈ | ၇၄၆ | ၇၆၉၄ | ၃၅.၁၂% |
| | | ဦးမောင်မောင်လွင် | တစ်သီးပုဂ္ဂလ | ၆၃၂၀ | ၄၇၉ | ၆၇၉၉ | ၃၁.၀၄% |
| | | ဒေါ်နွယ်နွယ်ဝင်း | ပြည်သူ့ပါတီ | ၂၃၈၀ | ၇၅ | ၂၄၅၅ | ၁၁.၂၁% |
| | | ဦးမင်းသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၅၃ | ၁၁၂ | ၂၁၆၅ | ၉.၈၈% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၄၉၀ | ၃၈ | ၁၅၂၈ | ၆.၉၇% |
| | | ဒေါ်နေရီသန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၃ | ၅၃ | ၁၂၆၆ | ၅.၇၈% |
| ၁၂ | ကျောက်တန်းမြို့နယ် | | | ၈၇၃၀၂ | ၁၀၅၀၅ | ၉၇၈၀၇ | |
| | | ဒေါ်အေးမင်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၃၁ | ၇၇၂၈ | ၄၄၆၅၉ | ၄၅.၆၆% |
| | | ဦးဆန်းလွင် | ပြည်သူ့ပါတီ | ၁၂၁၃၃ | ၇၁၄ | ၁၂၈၄၇ | ၁၃.၁၄% |
| | | ဦးကျော်စွာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၂၀၄ | ၄၈၉ | ၁၂၆၉၃ | ၁၂.၉၈% |
| | | ဒေါ်သက်သက်ခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၂၁ | ၇၆၅ | ၁၁၈၈၆ | ၁၂.၁၅% |
| | | ဦးခင်မောင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၅၉၂ | ၅၆၈ | ၁၁၁၆၀ | ၁၁.၄၁% |
| | | ဦးပိုင်သူဟိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၂၁ | ၂၄၁ | ၄၅၆၂ | ၄.၆၆% |
| ၁၃ | ခရမ်းမြို့နယ် | | | ၈၅၀၁၉ | ၈၄၇၂ | ၉၃၄၉၁ | |
| | | ဦးအေးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၃၇၆ | ၆၅၄၀ | ၄၅၉၁၆ | ၄၉.၁၂% |
| | | ဦးတင်ဇော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၈၈ | ၁၀၃၃ | ၁၉၈၂၁ | ၂၁.၂၀% |
| | | ဦးနိုင်ဝင်းကျော် | ပြည်သူ့ပါတီ | ၁၂၆၄၁ | ၄၃၉ | ၁၃၀၈၀ | ၁၃.၉၉% |
| | | ဦးနိုင်ထွန်းလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၄၇ | ၂၂၃ | ၇၆၇၀ | ၈.၂၀% |
| | | ဦးနေလင်းထွန်း | တစ်သီးပုဂ္ဂလ | ၆၇၆၇ | ၂၃၇ | ၇၀၀၄ | ၇.၄၉% |
| ၁၄ | သုံးခွမြို့နယ် | | | ၈၇၈၈၄ | ၅၉၅၃ | ၉၃၈၃၇ | |
| | | ဒေါ်ခင်မြတ်စု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၁၇၁ | ၄၂၆၆ | ၃၉၄၃၇ | ၄၂.၀၃% |
| | | ဦးကျော်သူရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၄၆ | ၈၉၅ | ၂၂၉၄၁ | ၂၄.၄၅% |
| | | ဦးဇင်မိုး | ပြည်သူ့ပါတီ | ၁၁၉၃၈ | ၃၀၂ | ၁၂၂၄၀ | ၁၃.၀၄% |
| | | ဦးထက်အာကာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၅၃ | ၂၀၇ | ၇၃၆၀ | ၇.၈၄% |
| | | ဦးသန့်ဇင်ထွန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၄၅ | ၁၆၂ | ၆၁၀၇ | ၆.၅၁% |
| | | ဦးမောင်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၁ | ၁၂၁ | ၅၇၅၂ | ၆.၁၃% |
| ၁၅ | စမ်းချောင်းမြို့နယ် | | | ၁၆၉၄၂ | ၂၆၃၇ | ၁၉၅၇၉ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၅၂ | ၁၇၂၅ | ၈၀၇၇ | ၄၁.၂၆% |
| | | ဒေါ်မေခိုင်ဦး | ပြည်သူ့ပါတီ | ၃၈၂၉ | ၂၉၁ | ၄၁၂၀ | ၂၁.၀၄% |
| | | ဦးတင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၀၃ | ၂၅၅ | ၂၈၅၈ | ၁၄.၆၀% |
| | | ဦးမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၃၇ | ၂၀၉ | ၂၃၄၆ | ၁၁.၉၈% |
| | | ဦးသန်းထွဋ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၁၂ | ၁၅၇ | ၂၁၇၈ | ၁၁.၁၂% |
| ၁၆ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | | | ၄၉၇၂၂ | ၄၆၉၂ | ၅၄၄၁၄ | |
| | | ဦးမင်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၄၈၀ | ၃၃၀၈ | ၁၉၇၈၈ | ၃၆.၃၇% |
| | | ဦးထက်ဝေယံ | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၀၀၁၉ | ၄၇၆ | ၁၀၄၉၅ | ၁၉.၂၉% |
| | | ဦးမြင့်ဇော် | ပြည်သူ့ပါတီ | ၄၆၆၈ | ၁၆၇ | ၄၈၃၅ | ၈.၈၉% |
| | | ဒေါ်နွယ်နွယ်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၃၆ | ၁၆၃ | ၄၀၉၉ | ၇.၅၃% |
| | | ဦးနေလင်းဦး | တစ်သီးပုဂ္ဂလ | ၃၆၈၄ | ၁၃၂ | ၃၈၁၆ | ၇.၀၁% |
| | | ဦးမျိုးမျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၉၅ | ၁၅၈ | ၃၇၅၃ | ၆.၉၀% |
| | | ဦးကြည်ရှင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၆၃ | ၁၅၈ | ၃၅၂၁ | ၆.၄၇% |
| | | ဦးမင်းထက်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉ | ၇၁ | ၂၅၉၀ | ၄.၇၆% |
| | | ဦးဇော်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၅၈ | ၅၉ | ၁၅၁၇ | ၂.၇၈% |
| ၁၇ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | | | ၄၁၇၂၅ | ၂၅၆၅ | ၄၄၂၉၀ | |
| | | ဦးကြည်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၁၀၇ | ၁၈၀၃ | ၁၈၉၁၀ | ၄၂.၇၂% |
| | | ဦးစိုးထိုက် | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၇၁၄၀ | ၂၀၂ | ၇၃၄၂ | ၁၆.၅၈% |
| | | ဒေါ်သိင်္ဂီ | ပြည်သူ့ပါတီ | ၃၈၃၃ | ၉၃ | ၃၉၂၆ | ၈.၈၆% |
| | | ဦးထက်ဝေယံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၇၈ | ၁၈၀ | ၃၈၅၈ | ၈.၇၁% |
| | | ဒေါ်တင်မာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၈၁ | ၇၉ | ၂၉၆၀ | ၆.၆၈% |
| | | ဒေါ်ငွေငွေမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၇၉၈ | ၇၉ | ၂၈၇၇ | ၆.၅၀% |
| | | ဦးသက်ထွေးဇော် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၃၆ | ၇၄ | ၂၇၁၀ | ၆.၁၂% |
| | | ဦးတင်ထွန်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၅၂ | ၄၅ | ၁၆၉၇ | ၃.၈၃% |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၆၀၉၄၆ / ၁၃ = ၂၀၀၇၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၀၉၄၆ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၆၅ | ၅ | ၁၁၉၀၅ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၁၂၄၆ | ၂ | ၁၁၁၀၂ | - | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၇၉၃၉ | ၁ | ၁၇၈၆၇ | ၁ | ၂ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၉၇၈ | ၁ | ၁၂၉၀၆ | ၁ | ၂ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၂၄၄ | - | ၁၉၂၄၄ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၇၄ | - | ၇၂၇၄ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ကမာရွတ်၊ကျောက်တံတား၊ မရမ်းကုန်း၊ အလုံ၊ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ လှိုင်၊ ကြည့်မြင်တိုင် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံလမ်းမတော်၊မြောက်ဥက္ကလာပ၊ စမ်းချောင်း မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၄၈၂၈၅ / ၈ = ၄၃၅၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၃၄၈၂၈၅ | ၅ | | ၃ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၄၅၅ | ၃ | ၁၅၈၅၀ | - | ၃ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၅၇၁၀ | ၁ | ၁၂၁၇၅ | - | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၇၀ | ၁ | ၃၉၃၅ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၇၁၂ | - | ၃၉၇၁၂ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၀၁၀ | - | ၂၇၀၁၀ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၄၈ | - | ၂၄၂၄၈ | ၁ | ၁ | |
| | | ၇။ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၇၆၈၀ | - | ၇၆၈၀ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပ မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက် (၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တာမွေ၊ ရန်ကင်း မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၇၄၉၂၈ / ၈ = ၅၉၃၆၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၇၄၉၂၈ | ၄ | | ၄ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၄၈၇ | ၃ | ၂၉၃၈၉ | ၁ | ၄ | |
| | | ၂။ | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၂၂၂၇ | ၁ | ၃၂၈၆၁ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၂၁၃၅ | - | ၄၂၁၃၅ | ၁ | ၁ | |

စာမျက်နှာ ၁၂ သို့

# (၉၄) ကြိမ်မြောက် မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ (၉၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းမှစ၍ ပထမရက်အဖြစ် မြို့တွင်းလမ်းတစ်လျှောက် သတ်မှတ်ထားသည့်လမ်းများအတိုင်း ကျောက်တန်းရပ်ကွက်မှ အောက်လမ်းမကြီးတစ်လျှောက် ဘိုကုန်းရပ်ကွက် သံလွင်ဟိုတယ်အထိ၊ ဒုတိယရက်အဖြစ် ငန်းတေးရပ်ကွက်မှ မြိုင်သာယာရပ်ကွက်လမ်းအတိုင်း ဈေးကြိုအဝိုင်းမှ မီးရထားဘူတာအထိ၊ တတိယရက်အဖြစ် ဇေယျာသီရိရပ်ကွက် လမ်းမကြီးမှ ဒေါ်လန်းရပ်အထိ၊ စတုတ္ထရက်အဖြစ် သာသနာ့ဗိမာန်တော်ကြီးမှ ကျိုက်သုတ်ဘုရားအထိ လှည့်လည်အပူဇော်ခံသည်။

ထိုသို့ လှည့်လည်အပူဇော်ခံရာတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များ ဒေသစာရီကြွချီပူဇော်ပွဲတွင် ကြည်ညိုဖွယ် ပင့်ဆောင်ပူဇော်ခဲ့ကြသည့် ယာဉ်များကို ပထမ၊ ဒုတိယ၊ တတိယ၊ ကြိုးစားအားထုတ်မှုဆုနှင့် အထူးဆုရရှိသော ရပ်ကွက်ဥပါသကာအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)





ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာ/အုပ်စုများ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ကျေးလက်ကျန်းမာရေးဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သတ်မှတ်စုရပ် ရပ်ကွက်အသီးသီးတွင် ထိုးနှံတိုက်ကျွေးပေးစဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## ကလေးမြို့အတွင်းရှိ ဈေးများ မီးဘေးအန္တရာယ်ကင်းစေရေး မီးငြိမ်းသတ်သရုပ်ပြသ

**ကလေး ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးငြိမ်းသတ်သရုပ်ပြခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ မြို့မဈေး၊ တာဟန်းဈေးနှင့် ပင်လုံဈေးတို့၌ ဆောင်ရွက်သည်။

ဈေးများအတွင်း မီးသတ်ရေသိုလှောင်ကန်များထားရှိမှု၊ မီးသတ်ဆေးဘူးများ လေပေါင် ရှိ/မရှိ၊ လျှပ်စစ်သွယ်တန်းထားရှိမှုစနစ်များ၊ ပတ်ဝန်းကျင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းများနှင့် ဈေးများအတွင်း သွယ်တန်းထားသော ရေမီးသတ်ရေပိုက်လိုင်းများ၊ မီးသတ်ကားများဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကီးခွီရှိန်း၊ မြို့နယ်စည်ပင်သာယာအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဘိုဘိုဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘွေမောင်းထန်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၁၁ မှ*

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၅၃၉ | - | ၃၆၅၃၉ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၃၅၀ | - | ၂၇၃၅၀ | - | - | |
| | | ၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၈၉၀ | - | ၂၆၈၉၀ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၂၂၆ | - | ၂၁၂၂၆ | - | - | |
| | | ၈။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၃၃ | - | ၁၁၈၃၃ | - | - | |
| | | ၉။ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၂၄၁ | - | ၉၂၄၁ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ အင်းစိန် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၂၄၈၇၇ / ၁၀ = ၅၂၄၈၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၅၂၄၈၇၇ | ၇ | | ၃ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၄၄၀ | ၄ | ၃၇၄၅၂ | ၁ | ၅ | |
| | | ၂။ | ပြည်သူ့ပါတီ | ၈၂၂၇၂ | ၁ | ၂၉၇၇၅ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၆၆၀ | ၁ | ၁၄၁၆၃ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၀၀၆၈ | ၁ | ၇၅၇၁ | - | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၆၅၂ | - | ၄၃၆၅၂ | ၁ | ၁ | |
| | | ၆။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၃၂၃ | - | ၂၀၃၂၃ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၆၂ | - | ၄၅၆၂ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဗိုလ်တထောင်၊ သန်လျင်၊ ဒေါပုံ၊ ပုဇွန်တောင်၊ ကိုကိုးကျွန်း မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ထမနဲထိုးပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းများ၏ စည်းလုံးညီညွတ်စွာ ထမနဲထိုးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆုရရှိသည့်အသင်းများကို ဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက် ၂၂ ရပ်ကွက်၊ အေးသာယာမြို့၊ ရွှေညောင်မြို့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အသင်းပေါင်း ၇၈ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# မာန်အောင်မြို့ မြို့မဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများသို့ သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် မာန်အောင်မြို့ မြို့မဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်အပါး ၃၀ တို့ကို အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး (ဝဲပုံ) ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း ပါဝင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall) ပါဝင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"အဓိကကတော့နိုင်ငံတော်က MSME လုပ်ငန်းရှင်တွေကို ပြည်တွင်းပြည်ပ ဈေးကွက်အခွင့်အလမ်းတွေရရှိစေဖို့ ရည်ရွယ်တာပါ။ ဒီပြပွဲနဲ့အတူ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာအစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊ လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G and G စတဲ့ဆိုင်တွေမှာ ရောင်းချနိုင်ရေးအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းကနေတစ်ဆင့် မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာဖြစ်ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက ပြောသည်။



ညွှန်ကြားရေးမှူး
ဒေါက်တာသက်လွင်ဦး

MSME လုပ်ငန်းရှင်များအနေဖြင့် ပြပွဲမှတစ်ဆင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တစ်ဦးဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ လက်လီ/လက်ကား ရောင်းချသူများနှင့် အချင်းချင်း ချိတ်ဆက်နိုင်မည့် လုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အချိတ်အဆက်များ ရရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိစဉ်။

ထို့အတူ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာန ကိုးခုက MSME လုပ်ငန်းရှင်များအတွက် ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ငန်းရှင်များ ပြည်ပ ဈေးကွက်ဝင်ရောက်နိုင်ရေးလိုအပ်သည့် Certificate ရရှိရေးနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များစွာ ပါဝင်ပြသနိုင်ရေးနှင့် Online E-Commerce Platform မှတစ်ဆင့် MSME ထုတ်ကုန်များကို နိုင်ငံတကာ ဝယ်လက်များသို့ တိုက်ရိုက်ချိတ်ဆက် ဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲအတွင်း ပြည်ပဈေးကွက် ချိတ်ဆက်မှုအနေဖြင့် MSME လုပ်ငန်းရှင်များက ပြည်ပသို့ တင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေရရှိရေး၊ စီးပွားရေးသံမှူးများနှင့်ချိတ်ဆက်၍ အသိပညာ မျှဝေပေးနိုင်ရန်အတွက်လည်းကောင်း၊ ရင်းနှီးမတည်ငွေရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ်များ၏ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်ဖြစ်လိုသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်းတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာဖာဖြတ်သန်းရေးဂိတ် စမ်းသပ်ကာလ ပြန်လည်ဖွင့်လှစ်ရန်ကြေညာ

ဂျေရုဆလင် ဖေဖော်ဝါရီ ၁

ဂါဇာဒေသနှင့် အပြင်ကမ္ဘာကိုဆက်သွယ်ထားသည့် အဓိကလမ်းကြောင်းဖြစ်သော ရာဖာဖြတ်သန်းရေးဂိတ်ကို စမ်းသပ်ကာလအဖြစ် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂ ရက်မှစတင်ကာ ပါလက်စတိုင်းတို့ ဖြတ်သန်းသွားလာနိုင်ရန် စီစဉ်ထားသည်ဟု ဖေဖော်ဝါရီ ၁ ရက်တွင် ကြေညာခဲ့သည်။

အီဂျစ်နှင့်ဂါဇာကမ်းမြောင်ဒေသကို ဆက်သွယ်ထားသည့် အဆိုပါဖြတ်သန်းရေးဂိတ်ကို ပြန်လည်ဖွင့်လှစ်ခြင်းသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်က အသက်ဝင်ခဲ့သည့် အစ္စရေး-ဟားမားစ် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအောက်ရှိ အဓိကခြေလှမ်းလည်းဖြစ်သည်။

အရပ်သားများ သွားလာလှုပ်ရှားမှုအတွက် ရာဖာဖြတ်သန်းရေးဂိတ်ကို ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြစ်သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ အစိုးရလုပ်ငန်းများမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ ယနေ့ဖွင့်လှစ်မှုသည် ဖြတ်သန်းရေးဂိတ်လုပ်ငန်းလည်ပတ်မှုကို စမ်းသပ်စစ်ဆေးရန် စမ်းသပ်မှုအဆင့်တစ်ခုသာဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ ဒေသခံများ၏ ဝင်ထွက်သွားလာမှုများ စတင်နိုင်မည်ဟု အဆိုပါရုံးကပြောသည်။ လူမှုကွန်ရက်မီဒီယာတွင် ပျံ့နှံ့နေသည့် ဓာတ်ပုံများအရ ရာဖာဖြတ်သန်းရေး လမ်းကြောင်းလုပ်ငန်းလည်ပတ်မှုကို ကြည့်ရှုရန် တာဝန်ပေးထားသည့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါလမ်းကြောင်းမှတစ်ဆင့် ဂါဇာသို့ ဝင်ရောက်ခဲ့ကြောင်း တွေ့ရသည်။

အစ္စရေး၏ခွင့်ပြုချက်ဖြင့် ပါလက်စတိုင်းဒေသခံများ ဝင်ထွက်သွားလာနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁ ရက်တွင် အဆိုပါလမ်းကြောင်းကို ပြန်ဖွင့်ပေးမည်ဟု သီတင်းပတ်အကုန်တွင် အစ္စရေးအရာရှိများက ကြေညာခဲ့သည်။ **ဆင်ဟွာ**



Photo – Anadolu Agency

အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်ထားသည့် လူနာတင်ယာဉ်များ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ရာဖာဖြတ်သန်းရေးဂိတ်သို့ ရောက်ရှိလာပြီး အစ္စရေးဘက်မှ နယ်စပ်ဂိတ်ဖွင့်ပေးပါက ဆေးဘက်ဆိုင်ရာအကူအညီများပေးနိုင်ရန် အသင့်စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

# ဇန်နဝါရီလအတွင်း နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်လည်ပတ်မှု ၁၅ ဒသမ ၇ ရာခိုင်နှုန်း တိုးလာ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁

ယခုနှစ် ပထမတစ်လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသွား လာရောက်လည်ပတ်မှု အရေအတွက်မှာ သိသိသာသာတိုးလာကြောင်း၊ အဓိကအားဖြင့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ လာရောက်လည်ပတ်သူ များပြားလာမှုကြောင့်ဖြစ်ကြောင်း နီပေါခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။



Photo – THE KATHMANDU POST

ဇန်နဝါရီလအတွင်း နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၉၂၅၇၃ ဦး လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အရေအတွက်မှာ ယမန်နှစ် အလားတူကာလက လာရောက်လည်ပတ်သူ ၇၉၉၉၁ ဦးရှိရာမှ ၁၅ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလသည် နိုင်ငံတကာ ခရီးသွားလုပ်ငန်းအတွက် မျှော်လင့်ချက်အစတစ်ခုဖြစ်ကြောင်း ဘုတ်အဖွဲ့က ထုတ်ပြန်ထားသည်။ နီပေါနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘာလှည့်ခရီးသည်လာရောက်မှု အရေအတွက်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ကိုဗစ်-၁၉ ရောဂါမတိုင်မီ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ၈၁၂၇၃ ဦး ထက်ပိုများကြောင်း သိရသည်။

အိန္ဒိယ၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုအတွက် ထိပ်တန်းသုံးနိုင်ငံအဖြစ် တည်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# နယ်သာလန် KLM လေကြောင်းလိုင်း အရှေ့အလယ်ပိုင်းသို့ ပျံသန်းပြေးဆွဲမှုများ ပြန်လည်စတင်

သည်ဟိတ်ဂ် ဖေဖော်ဝါရီ ၁

လက်ရှိ အရှေ့အလယ်ပိုင်း၏လုံခြုံရေးအခြေအနေနှင့် ဖြစ်နိုင်ခြေရှိသည့် အခြေအနေများအပေါ်မူတည်၍ အရှေ့အလယ်ပိုင်းဒေသရှိ မြို့များကို လေကြောင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်မည်ဟု နယ်သာလန်နိုင်ငံမှ KLM လေကြောင်းလိုင်းက ဖေဖော်ဝါရီ ၁ ရက်တွင် ကြေညာခဲ့သည်။

အချိန်ဇယားညှိနှိုင်းခြင်းဖြင့် တဲလ်အဗစ်မြို့သို့ ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် လေကြောင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ရန် ဆုံးဖြတ်ထားကြောင်း KLM လေကြောင်းလိုင်းက ပြောသည်။ ထို့ပြင် ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ချိန်ညှိထားသော အချိန်ဇယားဖြင့် ဒူဘိုင်းသို့ လေယာဉ်ပြေးဆွဲမှုများ ပြုလုပ်သွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဆော်ဒီအာရေးဗျနိုင်ငံရှိ ရီယာ့ဒ်နှင့် ဒမ်မမ်မြို့တို့သို့ လေယာဉ်ပျံသန်းမှုများကို ဇန်နဝါရီ ၂၇ ရက်မှစတင်ကာ ပြုလုပ်ခဲ့သည်။ အခြေအနေများကို အနီးကပ်စောင့်ကြည့်ပြီး လေယာဉ်ခရီးစဉ် အချိန်ဇယားများကို လိုက်လျောညီထွေစွာ ဆုံးဖြတ်သွားမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ပထဝီနိုင်ငံရေးအခြေအနေကြောင့် KLM လေကြောင်းလိုင်းသည် ဇန်နဝါရီ ၂၃ ရက်တွင် အရှေ့အလယ်ပိုင်းမြို့များသို့ လေယာဉ်ပြေးဆွဲမှုခရီးစဉ်များကို ယာယီဆိုင်းငံ့ရန် ကြေညာခဲ့သည်။ **ဆင်ဟွာ**

# အီသီယိုးပီးယားနိုင်ငံ၌ တစ်ခါသုံးပလတ်စတစ်အိတ်များ အသုံးပြုမှု တရားဝင်တားမြစ်ပိတ်ပင်

အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁

အီသီယိုးပီးယား အစိုးရသည် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ တစ်ခါသုံးပလတ်စတစ်အိတ်များ အသုံးပြုမှုကို တရားဝင်တားမြစ်ပိတ်ပင်လိုက်ပြီ ဖြစ်ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ တစ်ခါသုံးပလတ်စတစ်အိတ်များကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် အသုံးပြုခြင်းများကို တင်းကျပ်စွာ တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း အီသီယိုးပီးယား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် လဲလီဆာနေမေးက ထုတ်ပြန်ကြေညာထားသည်။

တစ်ခါသုံး ပလတ်စတစ်အိတ်များသည် လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်ခြင်း၊ ကလေးငယ်များကို အန္တရာယ်ဖြစ်စေခြင်း၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ဆိုးရွားပြင်းထန်စွာ ထိခိုက်ပျက်စီးစေခြင်းတို့ဖြစ်စေကြောင်း ၎င်းက အလေးပေး ပြောကြားသည်။

အီသီယိုးပီးယား နိုင်ငံသည် ဥပဒေသစ်၏ အသေးစိတ်အချက်အလက်များအပြင် တစ်ခါသုံးပလတ်စတစ်အိတ်အသုံးပြုခြင်း၏ ဆိုးကျိုးများနှင့်ပတ်သက်ပြီး ပြည်သူများအား အသိပညာပေးရန် ရည်ရွယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအသိပညာရေးလှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိသည်။

ဥပဒေသစ်အရ တစ်ခါသုံးပလတ်စတစ်အိတ်များကို အသုံးပြုကြောင်းနှင့် ဖြန့်ဖြူးရောင်းချကြောင်း တွေ့ရှိသူတစ်ဦးတစ်ယောက်တိုင်းကို အမေရိကန်ဒေါ်လာ ၃၂ ဒေါ်လာခန့် ဒဏ်ရိုက်သွားမည်ဖြစ်သည်။

ထို့အပြင် ထုတ်လုပ်သူများ၊ တင်သွင်းသူများနှင့် ရောင်းဝယ်ဖောက်ကားသူများမှာလည်း ယင်းထက်ပိုမိုပြင်းထန်သော ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**




Photo – Sputnik Africa

# အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ်၌ တရားမဝင်မူးယစ်ဆေးဝါး ၁၇၀ ကီလိုဂရမ် သိမ်းဆည်းရမိ

ကဘူးလ် ဖေဖော်ဝါရီ ၁

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရက်ပြည်နယ်၌ ယာဉ်အတွင်းမှ တရားမဝင်မူးယစ်ဆေးဝါး ၁၇၀ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးမှောင်ခိုကူးသူနှစ်ဦးကို ထိန်းသိမ်းထားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ရုံးက ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့က ဇန်နဝါရီ ၃၁ ရက်တွင် ကားတစ်စီးကို တားဆီးခဲ့ပြီး ရှာဖွေမှုများပြုလုပ်ရာ ယာဉ်အတွင်း ဘိန်းနှင့် ဆေးခြောက် ၁၇၀ ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ထိန်းသိမ်းခံရသူနှစ်ဦးမှာ ပဏာမစစ်ဆေးမှုများ ပြုလုပ်ပြီးပါက တရားရေးဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ရဲတပ်ဖွဲ့သည် ဟီရက်ပြည်နယ်အတွင်း မည်သည့်နေရာတွင်မဆို တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်ကူးခြင်းကို မည်သူ့ကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် အလေးထားပြောကြားသည်။

အလားတူ ပြီးခဲ့သည့်သီတင်းပတ်က အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ဆင်ရေးတစ်ခုတွင် ရဲတပ်ဖွဲ့သည် အရှေ့ပိုင်းနီမ်ရိုဇ်ပြည်နယ်၌ ဆေးခြောက် ၁၈ ကီလိုဂရမ်ကို သိမ်းဆည်းရမိပြီး တရားမဝင်မူးယစ်ဆေးဝါးကုန်ကူးသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများဖြစ်သည့် “ရုရှားဘာသာစကား(အခြေခံ) သင်တန်းအမှတ်စဉ် (၄)”၊ “ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးသင်တန်း” နှင့် “အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်းများ” ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand Hotel ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ကြပြီး အမြဲတမ်းအတွင်းဝန်က အမှာစကား ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် “ရုရှားဘာသာစကား (အခြေခံ) သင်တန်းအမှတ်စဉ် (၄)” ကို သင်တန်းသား ၁၁၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလ နှစ်လကြာမြင့်မည်ဖြစ်ကာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဖွင့်လှစ်သော “ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးသင်တန်း” ကို အပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၇၀ စီနှင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ဖြင့် သင်တန်းအပတ်စဉ် နှစ်ခုကိုလည်းကောင်း၊ တစ်နိုင်တစ်ပိုင်စားသောက်ဆိုင်များနှင့် လမ်းဘေးဈေးတန်းများတွင် အစားအစာရောင်းချသူများအတွက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် “အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးသင်တန်း” ကို သင်တန်းအပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၅၀ စီ သင်တန်းကာလ ရက်သတ္တပတ်ဖြင့် သင်တန်းအပတ်စဉ်လေးခုကိုလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## Naypyitaw State Academy မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

Naypyitaw State Academy ရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းလုံးခြင်း၊ညီညွတ်ခြင်း၊ အပေးအယူမျှတခြင်း စိတ်ဓာတ်များ ရှင်သန်ခိုင်မာစေရေး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ မပျောက်ပျက်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် Naypyitaw State Academy ၏ စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်က အဆိုပါ တက္ကသိုလ်၏ စာသင်ဆောင်ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



### ပျော်ရွှင်စွာဆင်နွှဲ

အဆိုပါပြိုင်ပွဲသို့ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်၊ ဘာသာရပ်သင်ကြားရေး ဌာနမှူးများ၊ ဆရာဆရာမများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသို့ Naypyitaw State Academy မှ မြန်မာစာအသင်း၊ အင်္ဂလိပ်စာအသင်း၊ ပထဝီနှင့်လူမှုရေးပညာအသင်း၊ သမိုင်းနှင့်အားကစားပညာအသင်း၊ ဒဿနိကဗေဒအသင်း၊ နိုင်ငံတကာဆက်ဆံရေးပညာအသင်း၊ ဓာတုဗေဒအသင်း၊ ရူပဗေဒအသင်း၊ သင်္ချာအသင်း၊ ဥပဒေအသင်း၊ ဘောဂဗေဒနှင့် စာရင်းအင်းပညာအသင်း၊ ဝါဏိဇ္ဇဗေဒအသင်း၊ စီမံခန့်ခွဲမှုပညာအသင်း၊ ဆေးသိပ္ပံပညာ၊ စာကြည့်တိုက်နှင့် သုတပညာအသင်း စုစုပေါင်းအသင်း ၁၄ သင်း တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကြသည်။

### ဂုဏ်ပြုဆုများ ပေးအပ်

ပြိုင်ပွဲများ အပြီးတွင် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးများကို တရုတ်မယားအဖြစ် တရုတ်နိုင်ငံပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်နေ မ----၊ (၂၀)နှစ်နှင့် (လိပ်စာတူ) နေသူတို့ (၂)ဦးသည် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအနောက်ဘက်ရှိ ဒေါ်ရှင်း ထမင်းဆိုင်တွင် အလုပ်လုပ်ကိုင်နေစဉ် ထမင်းဆိုင်ပိုင်ရှင်နှင့် ရန်ဖြစ်ခဲ့၍ ကြိုတင်ထုတ်ယူထားသော ငွေကျပ် နှစ်သိန်းအား ထမင်းဆိုင်ပိုင်ရှင်က ပြန်လည်တောင်းခဲ့ရာ ပြန်ပေးစရာငွေမရှိသဖြင့် အခက်အခဲဖြစ်နေစဉ် Tik Tok ၌ @funny 2023831 Funny ri အမည်ရှိ အကောင့်တစ်ခုမှ တရုတ်မိန်းမလုပ်ချင်သူများ တင်တောင်းငွေကျပ်သိန်း ၈၀ ကျော်နှင့် လစဉ်ငွေကျပ်သိန်း ၃၀ ကျော်ဖြင့် ခေါ်ယူနေကြောင်း ရေးသားထားသည်ကို တွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ တရုတ်နိုင်ငံတွင် နေထိုင်ရမည်၊ လမ်းစရိတ်စိုက်ထုတ်ခေါ်ပေးမည်၊ တရုတ်အမျိုးသားနှင့် ဆက်လက်ပေါင်းသင်းလိုခြင်းမရှိဘဲ အခြားတရုတ်အမျိုးသားနှင့် ထပ်မံပေါင်းသင်းပါက ငွေကျပ်သိန်း ၁၈၀ ထပ်မံရရှိမည်ဟု ပြောဆိုခဲ့ကြောင်း။

၎င်းတို့လုပ်ကိုင်နေသည့် ထမင်းဆိုင်သို့ အကောင့်ပိုင်ရှင် မထက်ထက် စေလွှတ်လိုက်သည့် မသန္တာလွင်ဆိုသူ ရောက်ရှိလာပြီး ကြိုတင်ထုတ်ယူထားသော ငွေကျပ် နှစ်သိန်းအား ထမင်းဆိုင်ပိုင်ရှင်ထံ ပေးခဲ့ကာ ၎င်းတို့အား ခေါ်ဆောင်သွားခဲ့ကြောင်း၊ မသန္တာလွင်မှ ၎င်းတို့အား မန္တလေးမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး မြန်မာသန်းဝေဟိုတယ်တွင် တည်းခိုခဲ့ကြကြောင်း၊ မသန္တာလွင်မှ ၎င်းတို့ နှစ်ဦးအား အကြည်တော် ဟိုတယ်သို့ ထပ်မံခေါ်ဆောင်သွားခဲ့ပြီး ဒေါ်လဖိုင်ချိန်ဘူနှင့် တွေ့ဆုံပေးခဲ့ရာ ဒေါ်လဖိုင်ချိန်ဘူမှ မန္တလေး-လားရှိုး-မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သွားရောက်ရမည်ဟု ပြောဆိုခဲ့ကြောင်း၊ မသန္တာလွင်မှ ၎င်းတို့အား ပြင်ဦးလွင်မြို့မှ လားရှိုးမြို့သို့ ပို့ဆောင်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)က တရားလိုပြုလုပ်၍ ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း(ပ)၅၄/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုဖွင့်တရားစွဲတင်ပို့ခဲ့ရာ ပြင်ဦးလွင်ခရိုင်တရားရုံးမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် တရားခံ မသန္တာလွင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံ ဒေါ်လဖိုင်ချိန်ဘူနှင့် မထက်ထက်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၅၁၂ အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာစာဘာသာရပ် သိကောင်းစရာ

ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၆ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ ယခု သင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြား စွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင် ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း ( တက္ကသိုလ်ဝင်တန်း ) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇)ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများ ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေမေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းရှည်ကြီး(၁) ပုဒ် စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ အချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ်(၁)**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊ မရှိ တို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင် ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ပါဝင်ပါသည်။

မေးခွန်း ၁(က)တွင် မှား၊ မှန်ရွေးသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများ ပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။

၁။ မည်သည့်ဘာသာစကားတွင်မဆို အသံအနိမ့်အမြင့်သည် အတိမ်းအစောင်းမခံနိုင်သော သဘောတရားတစ်ရပ် ဖြစ်ပါသည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဦးဖေမောင်တင် အတ္ထုပ္ပတ္တိသည် မင်းယုဝေ၏ __________စာအုပ်မှ ရွေးချယ်ချက်ဖြစ်သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာ သုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့် မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။

(၁) ဝတ္ထုဇာတ်လမ်းများကို ရေးရာ၌ ________နည်းကို အသုံးပြုတတ်ကြပါသည်။

(က) အစိတ်အပိုင်းစဉ် (ခ) ယုတ္တိစဉ် (ဂ) ကာလစဉ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းစလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂)တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်း စာ မေးခွန်းတိုဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်း ဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုး ဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။

(က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

ဥပစာတန်း၊ တစ်ပဲတန်၊ မျှော်ချေကလျှင်၊ နှစ်ခုရောရာ၊ ဘောက်စရာ၊ မြောက်စံအိမ်၊ စွန့်ခြင်းငါးရပ်။

မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့အပြင် ပေးထားသော ဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။(သာဓက ဥပစာတန်း = တက္ကသိုလ်ပထမနှစ်နှင့်ဒုတိယနှစ်။) ပေးထားသော ဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက တစ်ပဲတန် = တန်ဖိုးနည်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက နှစ်ခုရောရာ = ကောင်းမှု မကောင်းမှုပေါင်းစပ်ထားသော။) ထို့အပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ (သာဓက စွန့်ခြင်းငါးရပ် = ဥစ္စာပစ္စည်းတို့ကို စွန့်ခြင်း၊ မယားကိုစွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ ကိုယ်လက်အင်္ဂါတို့ကို စွန့်ခြင်း၊ အသက်ကိုစွန့်ခြင်း။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်သည့် အဖြေသဘောတွင် အကဲဖြတ်အမှတ်ပေးမည် ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့်အလင်္ကာ အရေအတွက်မှာ (၇) ခုဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် **ငါးခု**ကို ရွေးချယ်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

ရွှေရည်သောက်၊ နှင်းထက်သည်း၊ ဒင်္ဂါးဝိုင်းလောက်၊ အင်ဂျင်နီယာငှက်၊ မင်ငြမ်း၊ ဂလုံဆန်၊ ရွက်အုပ်သီးပူ။

**အဖြေ–** ရွှေရည်သောက်= ရွှေရည်လိမ်းကျံသည်ဟု တိုက်ရိုက်မရေးဘဲ ရွှေရည်သောက်ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅) မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန်ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တစ်ခါတစ်ရံ၊ လောကခံမှာ၊ ကံမျက်စိလည်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရိခဲ့ပြီ။ ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။

မေးခွန်းနံပါတ်၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ ဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်း(၃)မှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာ တွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ် တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက်သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားမည်ဆိုပါက အချက်အလက်အားလုံး ပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာရမည် ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်နှင့် အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၃။ "ကမ္ဘောဇသို့"ကဗျာတွင် စာဆိုသည် မောရှမ်းတို့၏ ပေါ်ကြိုပွဲတော်ကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မေးခွန်း၏ရှုထောင့်ကို သတိမထားဘဲ မိမိကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုသာ ရေးသားပါက ပေးမှတ် တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ "သစ္စာနှင့်ပညာ" ဝတ္ထုစကားပြေမှ ရရှိသောအကျိုးကျေးဇူးများကို ဝေဖန်သုံးသပ်ပါ။

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှ အကြောင်းအရာ သို့မဟုတ် အရေးအသားကို မေးမြန်းသော ပြဇာတ်မေးခွန်းရှည် ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာ မေးသည့် အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကိုလေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏ အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်မှ ဇာတ်ဆောင်စရိုက်အဖွဲ့များကို ဆန်းစစ်တင်ပြပါ။

**မေးခွန်းနံပါတ်(၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် (၂)ပုဒ်မေးကာ (၁)ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေအရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်း ဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅)ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။

**၁။ မိဘကျေးဇူးမြင်းမိုရ်ဦး**

- မိဘတို့၏ ကျေးဇူးတရားကြီးမားပုံ
- မိဘပြစ်မှားသူတို့ ဆင်းရဲဒုက္ခရောက်တတ်ပုံ
- မိဘမပြစ်မှားသူတို့ အကျိုးကျေးဇူးခံစားရပုံ
- မိဘတို့၏ကျေးဇူးကို တစ်ဖန်ပြန်လည်ဆပ်သင့်ပုံ
- မိဘတို့၏ကျေးဇူးတရားနှင့် မိမိအမြင်

**၂။ လှပသာယာပြည်မြန်မာ**

- တောတောင်ရေမြေ သဘာဝအလှများဖြင့် ပြည့်ဝနေပုံ
- သယံဇာတပစ္စည်းများပေါ်ကြွယ်ဝပုံ
- ထင်ရှားသောနေရာဒေသများဖြင့်လှပသာယာပုံ
- ရိုးရာဓလေ့အလိုက်ပွဲတော်များကျင်းပကြပုံ
- မိမိအတွေးနှင့်အမြင်

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုး ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်နှင့် ပင်ကိုအရည်အသွေးတို့ကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင်ကောင်းသလောက်အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေး အရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားဖို့လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာရေးတတ်ပြီး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသားကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက်**တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။

(၁) စာဖတ်ခြင်းသည် အင်တာနက်သုံးခြင်းထက် ပို၍ အကျိုးရှိသည်။

(၂) နိုင်ငံသားတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်သည်။

ဤမေးခွန်းကို ဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ် လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့် ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို (၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ် ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏စိတ်ကူး စိတ်သန်းအတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည် သဘောပေါက်အောင်ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး စိတ်ကူးဉာဏ်နှင့် အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၂၁)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာတို့၏ (၁၂)လရာသီ ပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၂၁)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်သူရနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာဒုံ (အောင်ဆန်းသူရိယ လှသောင်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အောင်ဆန်းသူရိယ လှသောင်းကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊



ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**ဆုများချီးမြှင့်**

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဘက်စုံထူးချွန် လူရည်ချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံး သုံးကြိမ်ဆက်တိုက်ရရှိအောင် သင်ကြားပို့ချပေးသော Grade 12 သင် ဆရာ ဆရာမများကိုယ်စား ဆရာမကြီးတစ်ဦးနှင့် ထိုင်းနိုင်ငံ မဟာချက်ကရီ သီရိဒုံမင်းသမီး၏ အာဆီယံဆိုင်ရာ ဆရာထူးချွန်ဆုရရှိသူ ဆရာမတစ်ဦး၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဖျော်ဖြေတင်ဆက်မှုများကို ဆက်လက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)နှင့် မော်တော်ယာဉ်အသင်းမိသားစုများ၏ ဒုတိယအကြိမ် စုပေါင်းထမနဲထိုးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)နှင့် မော်တော်ယာဉ်အသင်းမိသားစုများ၏ ဒုတိယ အကြိမ် စုပေါင်းထမနဲထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဘောဂသီရိကားဝင်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)ရုံးရှေ့၌ ကျင်းပသည်။



နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) နှင့် မော်တော်ယာဉ်အသင်း မိသားစုများ၏ စုပေါင်းထမနဲထိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စွယ်တော်မြတ်စေတီ (မန္တလေး)၌ ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**အမရပူရ ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူထားသော စွယ်တော်မြတ်စေတီ(မန္တလေး)၌ ယမန်နေ့က ပထမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ကျင်းပသည်။

ဦးစွာ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားပြီး စွယ်တော်မြတ်စေတီ(မန္တလေး)၏ ဂေါပကဥက္ကဋ္ဌ ဦးစန်းယုက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဒိုင်အဖွဲ့က အမှတ်ပေး စည်းမျဉ်းများကို ပြောကြားပြီး ပြိုင်ပွဲကို စတင်ရာ ပြိုင်ပွဲဝင်အသင်း ၂၀ က မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြသည်။ ယှဉ်ပြိုင်မှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အမှတ်ပေးဒိုင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ပထမဆုကို အမရပူရမြို့နယ် ပညာရေးမိသားစုက လည်းကောင်း၊ ဒုတိယဆုကို ပုညကာရီ ဝတ်ပြုအသင်း (ဂျိုကျေးရွာ)က လည်းကောင်း၊ တတိယဆုကို ရွှေကိုင်းမောင် (မန်ကျည်းကိုင်းကျေးရွာ) က လည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ အဖွဲ့ ၂၆ ဖွဲ့က ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသည့် အဖွဲ့များအား ချီးမြှင့်ပေးအပ်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများက ထမနဲများကို ဘုရားအမှူးရှိသော မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၇ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်အဆင့် ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က စံပြရပ်ကွက်ရှိအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး အကဲဖြတ်အမှတ်ပေး ဒိုင်အဖွဲ့ခေါင်းဆောင် အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာရီရီမွန်က ပြိုင်ပွဲစည်းကမ်းချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းဖတ်ကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အဖွဲ့ ၁၂ ဖွဲ့က ယှဉ်ပြိုင်ကြသည်။



ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို စက်မှုအားမာန်အသင်း၊ ဒုတိယဆုကို ကုမုဒြာအသင်း၊ တတိယဆုကို ရဲဇာနည်အသင်းတို့က ရရှိကြပြီး ပထမဆု ငွေကျပ်လေးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် ကျန်နှစ်သိမ့်ဆုကိုးဆုအတွက် တစ်ဆုလျှင် ငွေကျပ်တစ်သိန်းစီတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၈၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မြန်မာ့ရိုးရာဓလေ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ဇန်နဝါရီ ၃၁ ရက်က ရိုးရာထမနဲထိုးပြိုင်ပွဲကို ကျင်းပသည်။

တပို့တွဲလထမနဲထိုးပြိုင်ပွဲတွင် ပခုက္ကူမြို့ရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာန ဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများ စုစုပေါင်း အဖွဲ့ ၁၄ ဖွဲ့ဖြင့် ထမနဲထိုးပြိုင်ပွဲ ကျင်းပကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက အားပေးသည်။

ထို့နောက် ရိုးရာထမနဲထိုးပြိုင်ပွဲဝင်အဖွဲ့များအား ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဘာမီသာ(ပခုက္ကူ)**



## မင်းဘူးမြို့၌ တပို့တွဲလရာသီ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မင်းဘူး ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ ပဉ္စမအကြိမ်မြောက် တပို့တွဲလရာသီ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ ခရိုင်အားကစားကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်အသင်းများက ထမနဲထိုးပြိုင်ပွဲ၌ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ယှဉ်ပြိုင်ခဲ့ရာ အမှတ်ပေးအဖွဲ့မှ ဒိုင်လူကြီးများက လှည့်လည်ကြည့်ရှုအကဲဖြတ်အမှတ်ပေး၍ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## စစ်ကိုင်းမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁**

စစ်ကိုင်းမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ပိုးတန်းရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်များက ပါဝင်ပစ္စည်းများ ပြင်ဆင်ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ထမနဲထိုးပြိုင်ပွဲကို စတင်သည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့်အသင်းများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများလေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ပေ၀က်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်နှင့် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်နှင့် ပဲခူးမြို့တွင် တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ ပုသိမ်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်)များအကြောင်း အသေးစိတ်ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Singular and Plural Nouns (အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ)အကြောင်း ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about requests – I (တောင်းဆိုချက်တွေကို ဘယ်လိုပြောမလဲ) ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Singular and Plural Nouns**

**(အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ) အဆက်**

**တချို့တွေ့နေကျမဟုတ်သော ပေါင်းစပ်နာမ် Compound Noun များကို အနည်းမှ အများပြောင်းရာတွင် ပင်မစကားလုံးနေရာကိုကြည့်၍ "s" ပေါင်းထည့်ပေးရမည်။ ဥပမာ။**

| | |
|---|---|
| brother-in-law | (ယောက်ဖ၊ ခဲအို၊ မတ်၊ မယားညီအစ်ကို) |
| brothers-in-law | (ယောက်ဖများ၊ ခဲအိုများ၊ မတ်များ၊ မယားညီအစ်ကိုများ) |
| son-in-law | (သမက်) |
| sons-in-law | (သမက်များ) |
| maid-servant | (မိန်းမအိမ်ဖော် (သို့) အစေခံ) |
| maid-servants | (မိန်းမအိမ်ဖော် (သို့) အစေခံများ) |
| man-servant | (ယောကျ်ားအစေခံ) |
| man-servants | (ယောကျ်ားအစေခံများ) |
| fisherman | (တံငါသည်) |
| fishermen | (တံငါသည်များ) |
| mouse-trap | (ကြွက်ထောင်ချောက်) |
| mouse-traps | (ကြွက်ထောင်ချောက်များ) |
| step-mother | (မိထွေး) |
| step-mothers | (မိထွေးများ) |
| step-father | (ပထွေး) |
| step-fathers | (ပထွေးများ) |
| step-sister | (ဖအေတူမအေကွဲ (သို့) မအေတူဖအေကွဲညီမ၊ နမ၊ အစ်မ |
| step-sisters | (ဖအေတူ မအေကွဲ (သို့) မအေတူဖအေကွဲ ညီမများ၊ နမများ၊ အစ်မများ |
| step-daughter | (လင်ပါ (သို့) မယားပါသမီး) |
| step-daughters | (လင်ပါ (သို့) မယားပါသမီး) |
| step-son | (လင်ပါ (သို့) မယားပါသား) |
| step-sons | (လင်ပါ (သို့) မယားပါ သားများ) |
| step-child | (လင်ပါ (သို့) မယားပါသား၊ သမီး) |
| step-children | (လင်ပါ (သို့) မယားပါသား၊ သမီးများ) |
| mother-in-law | (ယောက္ခမ) |
| mothers-in-law | (ယောက္ခမများ) |
| father-in-law | (ယောက္ခထီးများ) |
| fathers-in-law | (ယောက္ခထီးများ) |
| passer-by | (လမ်းသွားလမ်းလာ) |
| passers-by | (လမ်းသွားလမ်းလာများ) |
| pick-pocket | (ခါးပိုက်နှိုက်) |
| pick-pockets | (ခါးပိုက်နှိုက်များ) |
| rm-chair | (လက်တင်ကုလားထိုင်) |
| arm-chairs | (လက်တင်ကုလားထိုင်များ) |

**တချို့ Noun များကို အမြဲတမ်းအများကိန်းပုံစံပဲ သုံးသည်။ ဥပမာ။**

| | | |
|---|---|---|
| scissors | = | ကတ်ကြေး |
| spectacles | = | မျက်မှန် |
| pliers | = | ပလာယာ |
| trousers | = | ဘောင်းဘီရှည် |
| pincers | = | သံနုတ်၊ ကြေးနုတ်၊ မွေးညှပ်၊ ဇာဂနာ |
| tongs | = | ညှပ် |
| shears | = | စည်းရိုးညှပ်ကတ်ကြေး |
| shorts | = | ဘောင်းဘီတို |
| clothes | = | အဝတ်အထည် |
| measles | = | ဝက်သက် |
| small-pox | = | ကျောက်ရောဂါ |
| draughts | = | ကျားကစားစရာ |
| billiards | = | ဘိလိယက်ကစားစရာ |

**တချို့နာမ်များသည် အများကိန်းပုံသဏ္ဍာန်ရှိသော်လည်း ၎င်းတို့ကို တစ်ခုကိန်းပုံစံမျိုးဖြင့်သာ အသုံးပြုလေ့ရှိသည်။ ဥပမာ။**

| | | |
|---|---|---|
| news | = | သတင်း |
| furniture | = | ပရိဘောဂ |
| fun | = | ပျော်ရွှင်ခြင်း |
| luggage | = | ဝန်စည်စလှယ်၊ အထုပ်အပိုး။ |
| help | = | အကူအညီ |
| poetry | = | ကဗျာ၊ လင်္ကာ |
| means | = | နည်းလမ်း |
| mechanics | = | စက်မှုပညာ |
| physics | = | ရူပဗေဒ |
| mathematics | = | သင်္ချာ |
| politics | = | နိုင်ငံရေး |
| ethics | = | လောကဝတ်၊ ကျင့်ထုံး |

**Example: 1. Mathematics is my favourite subject.**

**2. The up-to-date news is printed on the front page.**

**တချို့အစုပြနာမ် (Collective Nouns) များသည် တစ်ခုကိန်းပုံစံရှိသော်လည်း ၎င်းတို့ကို အမြဲတမ်း အများကိန်းပုံစံဖြင့်သာသုံးသည်။ ဥပမာ။**

| | | |
|---|---|---|
| people | = | လူများ |
| cattle | = | ကျွဲနွားများ |
| poultry | = | ကြက်ဘဲများ |
| vermin | = | ပိုးမွှားခြင်များ |
| gentry | = | ဂုဏ်သရေရှိသူများ |

**Example: 1. The cattle are grazing in the field near my house.**

**2. U Ba keeps poultry in his farm.**

## VOCABULARY ENRICHMENT PROGRAMME

1. Vocabulary Enrichment Programme**to throw in the sponge = (လက်မြှောက်အရှုံးပေးသည်။)**
The early election returns were heavily against him, but he wasn't ready **to throw in the sponge.**
ရွေးကောက်ပွဲအစောပိုင်းကာလက သူ့ကို အကြီးအကျယ်ဆန့်ကျင်ခဲ့သော်လည်း သူအရှုံးမပေးခဲ့ဘူး။
2. **to leave no stone unturned = (မရမနေရှာသည်။ လက်ကြောတင်းတင်းလုပ်သည်။)**
He said he would **leave no stone unturned** in the search for peace.
ငြိမ်းချမ်းရေးကို ရှာဖွေတဲ့နေရာမှာ မဖြစ်မနေ ရှာဖွေသွားမည်လို့ သူက ပြောခဲ့တယ်။
3. **a man of straw = (အလုပ်တစ်ခုလုပ်ရန် စွမ်းရည်သတ္တိမရှိသူ)**
Either he is a brave and principled national leader or he is **a man of straw** who does not deserve to win the next election.
သူကသတ္တိရှိပြီး စည်းကမ်းလိုက်နာတဲ့ အမျိုးသားခေါင်းဆောင်တစ်ယောက်ဖြစ်ရင်ဖြစ်မယ် ဒါမှမဟုတ် နောက်ရွေးကောက်ပွဲမှာ အနိုင်ရဖို့ မထိုက်တန်တဲ့ စွမ်းရည်သတ္တိမရှိသူတစ်ယောက်ဖြစ်ရင်ဖြစ်မယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Conversation**

**How to talk about requests–I (တောင်းဆိုချက်တွေကို ဘယ်လိုပြောမလဲ။)**

*could you possibly …?*
*do you think you could possibly …?*
*could you …?*
*can you …?*
*you wouldn't …, would you?*
*would you kindly …?*
*I would be most grateful if you would …*

၁။ တစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်စေချင်ရင် ပုံမှန်အားဖြင့်ပြောလေ့ရှိတဲ့စကားစုကတော့ **could you possibly …?**ပဲ ဖြစ်ပါတယ်။ မြန်မာလို အဆင်ပြေအောင် ပြောရရင်တော့ "…ပေးနိုင်မလား" ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဥပမာ။

- **Could you possibly** go a little faster, driver? I'm worried that I'm going to miss my plane.
**I'm sorry, sir. I can't. I have to observe the speed limit.**
- **Could you possibly** let me off the bus here?
Sorry, This isn't an official bus stop.

၂။ တစ်ခါတစ်ရံ တစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်စေချင်ရင် **do you think …** ဆိုတဲ့စကားစုကို **you could possibly …**ဆိုတဲ့ စကားစုရှေ့မှာထားပြီး သုံးနိုင်ပါတယ်။ ဆိုလိုတာကတော့"ပေးနိုင်မယ်မဟုတ်လား"ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဥပမာ။

- **Do you think you could possibly** move your car forward a little?
Certainly. Just wait a minute.
- **Do you think you could possibly** hold this for me while I open the door?
Of course.

**ဘာသာစကားရှုထောင့်**

နံပါတ် ၂ မှာဖော်ပြထားတဲ့ အခြေအနေမျိုးမှာ **Do you think you could possibly** ဆိုတဲ့အသုံးနဲ့ ပုံစံတူအသုံးဖြစ်တဲ့ **I wonder if you could possibly …?** ဆိုတဲ့ စကားစုကို ပြောင်းလဲအသုံးပြုနိုင်ပါတယ်။ ပြောချင်တဲ့အဓိပ္ပာယ်ကတော့"…ပေးနိုင်မလားဆိုတာ သိချင်လိုက်တာ" ဖြစ်ပါတယ်။ ဥပမာ။

- **I wonder if you could possibly** give me a lift if you're going into town this morning. My car's in for repair. Of course.
I'll pick you up about eight o'clock.

၃။ ကိုယ့်ရဲ့တောင်းဆိုမှုကို ယဉ်ယဉ်ကျေးကျေး မပြောဘဲ ပုံမှန်အနေအထားနဲ့ ပြောချင်ရင်တော့ **possibly** ဆိုတဲ့ စကားလုံးကိုဖြုတ်ပြီး **could you …? do you think you could …?** သို့မဟုတ် **I wonder if you could …** ဆိုပြီး ပြောနိုင်ပါတယ်။ အဲဒီစကားစုကိုသုံးပြီး ပြောတဲ့တောင်းဆိုမှုတွေရဲ့ နောက်မှာ **please** ကို ထပ်ထည့်ပြီး ပြောနိုင်ပါတယ်။ ဥပမာ။

- **Could you move** your chair to the right a bit? I can't see the screen very well.
Sure. Is that better?
- **Do you think you could** turn down your radio, please? It's a bit loud and the baby's sleeping.
Certainly. Sorry about that.
- **I wonder if you could** take this book back for me if you're going to the library?
Of course. I'm going this afternoon.

၄။ ကိုယ့်ရဲ့တောင်းဆိုမှုကို ပိုပြီး အရပ်သဘောဆန်ဆန်ပြောချင်ရင်တော့ **can you …?**ဆိုတဲ့ စကားစုကိုသုံးနိုင်ပါတယ်။ ယဉ်ကျေးချင်တဲ့ ပုံစံမျိုး ပြောချင်ရင်တော့ အဲဒီစကားစုနောက်မှာ **please** ကိုထည့်ပြီး ပြောနိုင်ပါတယ်။ ဥပမာ။

- **Can you** speak up, please? We can't hear you at the back of the hall.
- **Can you** speak up, please? We can't hear you at the back of the hall.
Certainly. Is that better?
- **Can you** drive a bit faster? I'm going to miss my train at this rate.
Sorry, I can't. The traffic's terrible.

**ဘာသာစကားရှုထောင့်**

ဒီနေရာမှာ **can you** ဆိုတဲ့အစား **will you …?** ကိုလည်း သုံးနိုင်ပါတယ်။ ပိုပြီးယဉ်ကျေးချင်ရင်တော့ **please** ကို ထပ်ထည့်အသုံးပြုနိုင်ပါတယ်။ ဥပမာ။

- **Will you** deliver that as soon as possible?
- **Will you** put a copy of the book aside for me, please?
Certainly, sir.

**Car problems**

**Mrs Brown: Could you possibly** have a look at my car this morning. The engine's making a funny banging noise.

**Mechanic:** No, I'm sorry, Mrs Brown. We're very busy today. **Could you** bring it back tomorrow.

**Mrs Brown:** Well, I could, but I really need my car this evening. I have to visit my mother in hospital. **I wonder if you could possibly** fit my car in today.

**Mechanic:** We're busy all day, I'm afraid, but I'll try to have a look at it late afternoon. If the damage isn't very great, I can fix it for you for this evening.

# အယ်ကာရက်ဇ်က ဂျိုကိုဗစ်ကို အနိုင်ယူပြီး ဩစတြေးလျအိုးပင်းဖလားဆွတ်ခူး



ဩစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့နံပါတ်တစ်စပိန်တင်းနစ်ကစားသမား ကားလို့စ်အယ်ကာရက်ဇ်က ဆားဘီးယားတင်းနစ် အကျော်အမော် နိုဗက်ဂ်ျိုကိုဗစ်ကို ၂-၆၊ ၆-၂၊ ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၂၂ နှစ်အရွယ် အယ်ကာရက်ဇ်သည် ဗိုလ်လုပွဲတွင် နာမည်ကြီး ဂျိုကိုဗစ်ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည့်အတွက် ဂရင်းဆလမ်းဆုဖလားကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံးအမျိုးသား တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ဂရင်းဆလမ်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ရှစ်ကြိမ်တွင် ခုနစ်ကြိမ်အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပြီလည်း ဖြစ်သည်။

အယ်ကာရက်ဇ်သည် ဩစတြေးလျအိုးပင်းဖလား ဆွတ်ခူးရရှိပြီးနောက် နာမည်ကြီး တင်းနစ်အကျော်အမော်များဖြစ်သည့် ရော်ဂျာဖက်ဒဲရား၊ ရာဖေးလ်နာဒယ်၊ ဂျိုကိုဗစ်တို့ကို ကျော်ဖြတ်ကာ အသက်အငယ်ဆုံးတင်းနစ်ကစားသမားအဖြစ် စံချိန်မှတ်တမ်းသစ် စိုက်ထူနိုင်ခဲ့သည်။

အယ်ကာရက်ဇ်သည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်ကစားသမားများဖြစ်သည့် ပေါလ်၊ ဒီမီနော၊ ဇီဗာရက်ဗ်တို့ကို အနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ဂျိုကိုဗစ်ကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ဩစတြေးလျအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အယ်ကာရက်ဇ်သည် ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်း၊ ဝင်ဘယ်ဒန်၊ ယူအက်စ်အိုးပင်းစသည့် ဂရင်းဆလမ်းပြိုင်ပွဲ လေးခုစလုံးတွင် အနိုင်ရဗိုလ်စွဲသည့် ကိုးဦးမြောက် တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

# အမ်ဘာပေ၏ နောက်ကျပယ်နယ်တီဂိုးကြောင့် ရီးရဲမက်ဒရစ်က ဗယ်လက်ကာနိုကို အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၂၂) အဖြစ် ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဗယ်လက်ကာနိအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက အသင်းအဓိက တိုက်စစ်ကစားသမား အမ်ဘာပေ၏ နောက်ကျပယ်နယ်တီသွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပွဲချိန် ၁၀ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်းမှ အားထားရသည့် ကွင်းလယ်ကစားသမား ဘယ်လင်ဂမ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ဘရာဟင်ဒီယက်ဇ်ဖြင့် လူစားလဲခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် ဦးဆောင်သူဘာစီလိုနာအသင်းကို ထက်ကြပ်မကွာ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဗယ်လက်ကာနိအသင်းမှ ပါသီဆစ်နှင့် ချာဗာရီယာတို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

# မစ်ဒယ်ဘရော့က နော့ဝှစ်ချ်ကို အနိုင်ယူပြီး ဦးဆောင်သူ ကိုဗင်ထရီနှင့် ရမှတ် ၅၈ မှတ်တူညီလာ

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၀) မှ ဇန်နဝါရီ ၃၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် မစ်ဒယ်ဘရော့နှင့် နော့ဝှစ်ချ်အသင်းပွဲစဉ်တွင် မစ်ဒယ်ဘရော့အသင်းက ဟက်နေ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မစ်ဒယ်ဘရော့အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သောကြောင့် အမှတ်ပေးဇယားဦးဆောင်သူ ကိုဗင်ထရီအသင်းနှင့် ရမှတ် ၅၈ မှတ်တူညီသွားခဲ့ပြီ ဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၁၇ မိနစ်တွင် အသင်းခေါင်းဆောင် ဟက်နေက သွင်းယူပေးခဲ့သည်။ အဆိုပါ သွင်းဂိုးမှာ မစ်ဒယ်ဘရော့အသင်းအတွက် ယခုနှစ်ရာသီ ၎င်း၏ ငါးဂိုးမြောက် သွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အခြားနာမည်ကြီး ပွဲစဉ်ရလဒ်များတွင် ကျူပီအာက အမှတ်ပေးဇယားဦးဆောင်သူ ကိုဗင်ထရီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပို့စ်မောက်က ဝက်စ်ဘရွန်းကို သုံးဂိုး-ဂိုးမရှိ၊ ဟူးလ်က ဘလက်ဘန်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်က စတုတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ချာလ်တန်က လက်စတာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး အစ်ဆွစ်နှင့် ပရက်စတန်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ခရစ္စတယ်ပဲလေ့စ်တိုက်စစ်ကစားသမား မာတီတာ (၂၈နှစ်) သည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။
- လီဗာပူးနှင့် ချယ်ဆီးအသင်းတို့သည် အသက် ၂၀ အရွယ် ပြင်သစ်ခံစစ်ကစားသမား ဂျရေမီ ဂျက်ကေးကို ခေါ်ယူရန် ရင်းနက်စ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- အင်တာမီလန်အသင်းသည် အင်္ဂလန်ကွင်းလယ်ကစားသမား ကာတစ်ဂျုန်းစ် (၂၅ နှစ်) ကို ဝယ်ယူခွင့်နှင့်အတူ အငှားခေါ်ယူရန် လီဗာပူးအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၀) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ဟမ်ဘာဂါနှင့် ဘိုင်ယန်မြူးနစ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

မိုးဇက်-စုစည်းရေးသားသည်

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ် ပွဲစဉ် (၂၄) မှ ဆန်းဒါးလန်းနဲ့ ဘန်လေအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ခြေစွမ်းကောင်းပြသနိုင်ရေး ရုန်းကန်နေရတဲ့အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ် (၂၄)**

**ဆန်းဒါးလန်း - ဘန်လေ**

**၃-၂-၂၀၂၆ (အင်္ဂါနေ့)**

# ဘန်လေရဲ့ရုန်းအားကြောင့် ဆန်းဒါးလန်း ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်တယ်



**ဆန်းဒါးလန်း VS ဘန်လေ** နံနက် ၂း၃၀

### ဆန်းဒါးလန်းရဲ့ လက်ရှိအခြေအနေ

ဆန်းဒါးလန်းက ဒီရာသီအိမ်ကွင်း ၁၁ ပွဲ မှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသေးဘဲ ခြောက်ပွဲအထိ နိုင်ပွဲရရှိထားတယ်။ ခံစစ်ပိုင်းကလည်း ပြိုင်ဘက်အသင်းထက် ကျစ်လျစ်မှုရှိတယ်။

### ဘန်လေရဲ့ လက်ရှိအခြေအနေ

ဘန်လေက ခံစစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေတဲ့အပြင် တန်းဆင်းဇုန်အတွင်း ကျရောက်နေတယ်။ အဝေးကွင်း ၁၁ ပွဲမှာလည်း ရှုံးပွဲ ရှစ်ပွဲအထိ ရှိထားတယ်။

### သုံးသပ်ချက်

ဆန်းဒါးလန်းက အိမ်ကွင်းစွမ်းဆောင်ရည် ကောင်းမွန်ပြီး ဘန်လေက အဝေးကွင်း စွမ်းဆောင်ရည် ကောင်းမွန်မှုမရှိဘူး။ ဘန်လေရဲ့ရုန်းအားကြောင့် ဆန်းဒါးလန်းအသင်း အခက်တွေ့နိုင်ပေမယ့် အနိုင်သုံးမှတ်အပြည့်ရယူသွားဖွယ်ရှိတယ်။

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ်**

| | | | |
|---|---|---|---|
| ဘန်လေ | ၂-၀ | ဆန်းဒါးလန်း | ပရီမီယာလိဂ် |
| ဘန်လေ | ၀-၀ | ဆန်းဒါးလန်း | ချန်ပီယံရှစ် |

**စောင့်ကြည့်ရမယ့်ကစားသမား**

အန်ဇိုလီဖီး

သွင်းဂိုး + ဂိုးဖန်တီးမှု = ၇

**ဆန်းဒါးလန်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၁-၁ | ဆန်းဒါးလန်း |
| ဘရန့်ဖို့ဒ် | ၃-၀ | ဆန်းဒါးလန်း |
| အဲဗာတန် | ၁-၁ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၂-၁ | ပဲလေ့စ် |
| ဝက်စ်ဟမ်း | ၃-၁ | ဆန်းဒါးလန်း |



**စောင့်ကြည့်ရမယ့်ကစားသမား**

ဂျေဒန် အန်သိုနီ

သွင်းဂိုး + ဂိုးဖန်တီးမှု = ၆

**ဘန်လေရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဘရိုက်တန် | ၂-၀ | ဘန်လေ |
| ဘန်လေ | ၂-၂ | မန်ယူ |
| ဘန်လေ | ၅-၁ | မီဝေါလ် |
| လီဗာပူး | ၁-၁ | ဘန်လေ |
| ဘန်လေ | ၂-၂ | စပါး |

## ဘွန်ဒက်စ်လီဂါ ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | ဂိုး |
|---|---|
| ဟယ်ရီကိန်း | ၂၂ |
| ဒန်းနစ် အွန်းဒပ်ဖ် | ၁၁ |
| အိုလစ် | ၁၀ |
| ဒီယက်စ် | ၁၀ |
| တာဘာကိုဗစ် | ၁၀ |



# စပိန်လူမျိုးနည်းပြ ဂျာဗီဂရာစီယာ ဝက်ဖို့ဒ်အသင်းနှင့် လမ်းခွဲ

ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းနည်းပြ ဂျာဗီဂရာစီယာသည် ဆွမ်ဆီးကို နှစ်ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် အသင်းနှင့် လမ်းခွဲသွားပြီဖြစ်ကြောင်း သိရသည်။ ဝက်ဖို့ဒ်အသင်းသည် ဇန်နဝါရီ ၁ ရက်နောက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ငါးပွဲတွင် နိုင်ပွဲရရှိထားခြင်း မရှိဘဲ နှစ်ပွဲသရေနှင့် သုံးပွဲအထိ ရှုံးနိမ့်ထားသည်။ အသက် ၅၅ နှစ်အရွယ်ရှိ စပိန်လူမျိုးနည်းပြ ဂရာစီယာသည် ဝက်ဖို့ဒ်အသင်းကို တာဝန်ယူကိုင်တွယ်ပြီး သုံးလကျော်တွင် ထိုကဲ့သို့ လမ်းခွဲသွားခြင်းဖြစ်ကြောင်း သိရသည်။ ဝက်ဖို့ဒ်အသင်းသည် ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲတွင် ၂၉ ပွဲကစားပြီး နိုင်ပွဲ ၁၁ ပွဲ၊ သရေ ၁၀ ပွဲနှင့် ရှစ်ပွဲ ရှုံးနိမ့်ထားသည်။



# ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၈၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ည - ၇၉၉၄၈၀

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ**

ဍ - ၃၄၉၀၇၈ | င - ၈၈၈၄၆၅

ကံထူးရှင်(၂)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ**

ဋ - ၁၂၂၉၀၆ | ဋ - ၉၂၆၆၂၃
ဋ - ၂၁၂၆၄၂

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| ဇ - ၁၁၀၀၅၇ | ဆ - ၄၁၉၄၃၄ |
| ဃ - ၁၁၄၂၆၆ | ဆ - ၆၇၂၁၉၉ |
| ဋ - ၂၂၁၇၅၇ | က - ၇၅၃၇၁၈ |
| စ - ၂၇၈၂၅၁ | ဌ - ၈၁၆၆၆၂ |
| ဌ - ၄၁၄၃၉၄ | င - ၉၅၇၆၂၄ |

ကံထူးရှင်(၁၀)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

| | | |
|---|---|---|
| ဂ - ၂၂၇၉၂၃ | ဋ - ၇၀၉၃၃၄ | စ - ၈၃၉၅၃၇ |
| ဍ - ၂၅၁၈၉၀ | ဍ - ၇၅၁၉၁၂ | ဍ - ၈၈၂၂၇၇ |
| ည - ၂၈၆၈၇၃ | င - ၇၆၄၇၀၉ | ဆ - ၉၂၇၅၇၅ |
| ဍ - ၄၈၈၄၉၈ | ဍ - ၇၉၀၇၇၇ | က - ၉၉၄၈၁၈ |

ကံထူးရှင်(၁၂)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

| | | |
|---|---|---|
| ဈ - ၁၃၈၀၂၀ | စ - ၃၄၆၆၃၃ | ခ - ၇၃၀၆၉၃ |
| ဋ - ၂၂၅၁၃၅ | င - ၃၅၀၅၂၉ | ဋ - ၈၀၅၆၆၈ |
| ဂ - ၂၃၅၆၈၄ | ည - ၄၃၀၂၄၃ | ဂ - ၈၇၉၈၀၃ |
| ဇ - ၂၅၆၂၅၄ | င - ၆၄၆၂၁၁ | က - ၉၉၆၄၅၅ |
| ည - ၂၉၇၁၉၃ | င - ၆၉၃၂၈၃ | |

ကံထူးရှင်(၁၄)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

| | |
|---|---|
| က - ၁၀၂၀၇၈ | က - ၄၃၄၂၈၅ |
| ဂ - ၁၅၇၂၆၀ | ဋ - ၄၅၈၉၃၆ |
| ဋ - ၁၇၂၂၂၅ | ဇ - ၆၂၆၂၄၅ |
| ဈ - ၁၉၈၉၃၃ | ဂ - ၆၉၃၉၉၂ |
| စ - ၃၀၀၄၁၅ | ဌ - ၇၂၆၅၂၈ |
| ဌ - ၃၃၀၉၀၇ | ဇ - ၉၂၃၄၆၈ |
| ခ - ၄၀၆၉၄၆ | ဋ - ၉၄၁၆၄၂ |
| င - ၄၂၀၀၄၆ | ဌ - ၉၇၉၂၁၃ |

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

| | | |
|---|---|---|
| စ - ၁၄၁၇၉၉ | က - ၄၂၉၃၃၄ | ဋ - ၇၄၄၄၅၂ |
| ဋ - ၁၈၀၂၀၂ | ဇ - ၄၃၆၀၉၇ | ဆ - ၉၀၂၀၁၈ |
| ဌ - ၁၉၅၀၃၆ | ဈ - ၄၆၀၁၀၄ | ဌ - ၉၀၇၈၉၀ |
| က - ၂၂၇၀၁၅ | ဂ - ၅၃၁၄၃၆ | ဌ - ၉၂၅၂၅၈ |
| ခ - ၂၅၆၉၂၀ | ဋ - ၅၅၅၈၆၅ | ခ - ၉၃၆၅၀၇ |
| ဃ - ၂၆၉၉၀၃ | ဇ - ၇၁၄၁၁၁ | ည - ၉၆၄၂၃၀ |
| က - ၃၇၈၉၃၁ | ခ - ၇၂၃၄၀၀ | စ - ၉၈၆၁၀၁ |
| င - ၄၂၉၃၂၄ | | |

ကံထူးရှင်(၂၂)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

| | |
|---|---|
| ဂ - ၁၁၁၀၈၀ | ဈ - ၄၆၉၃၁၃ |
| ဂ - ၁၄၈၈၃၂ | ဈ - ၅၃၀၂၇၄ |
| ဃ - ၁၅၃၈၀၁ | ဍ - ၆၉၃၀၅၄ |
| ဃ - ၁၅၄၆၈၃ | စ - ၆၉၅၆၃၅ |
| ဆ - ၁၉၉၉၃၅ | စ - ၇၁၈၅၅၈ |
| က - ၂၁၅၀၄၀ | ဌ - ၇၃၁၀၀၅ |
| ဂ - ၂၉၈၁၄၅ | က - ၇၆၃၈၆၁ |
| ဇ - ၃၃၈၆၉၆ | ဂ - ၇၉၆၃၉၄ |
| ဆ - ၄၀၁၂၀၈ | ဂ - ၈၂၃၇၀၂ |
| ဆ - ၄၀၄၉၈၂ | က - ၉၀၆၅၁၃ |
| ဋ - ၄၂၆၂၃၄ | ည - ၉၁၀၇၃၁ |
| ဌ - ၄၄၄၇၆၁ | ဍ - ၉၉၁၅၈၁ |
| ည - ၄၄၇၇၀၂ | ဌ - ၉၉၇၅၅၁ |

ကံထူးရှင်(၂၆)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်**

| | |
|---|---|
| ဍ - ၂၆၂၁၂ | ဋ - ၅၄၇၀၇ |
| ခ - ၃၃၀၇၁ | ဃ - ၇၀၂၅၈ |
| ဍ - ၄၃၇၃၀ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်**

| | | |
|---|---|---|
| ဋ - ၁၂၇၆ | ဋ - ၆၀၇၆ | ည - ၇၈၆၃ |
| ဌ - ၂၀၄၇ | ဋ - ၇၃၀၁ | ည - ၈၁၄၀ |
| ဈ - ၃၅၉၅ | ည - ၇၇၆၃ | ည - ၈၆၀၆ |
| င - ၄၃၄၈ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၀)ယူနစ်**

| | | |
|---|---|---|
| ဂ - ၁၁၅ | ဌ - ၅၃၈ | စ - ၆၉၃ |
| ဆ - ၂၁၄ | ဍ - ၅၅၀ | ဍ - ၇၂၆ |
| ဇ - ၂၁၈ | ဃ - ၅၅၆ | ဌ - ၈၄၇ |
| ဇ - ၄၇၃ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်**

ဌ - ၁၅ | ည - ၂၁ | ည - ၂၁ | ည - ၂၁ | ခ - ၄၂ | ဃ - ၅၇

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

ဆ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| ဈ - ၁၃၂၇၉၇ | င - ၄၅၁၆၇၃ |
| င - ၁၇၃၆၄၁ | ည - ၉၃၉၅၄၃ |

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

ဍ - ၃၀၅၄၆ | စ - ၄၆၃၀၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

ည - ၂၇၂၈ | ဆ - ၇၃၂၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

ဂ - ၂၄၁ | ခ - ၃၅၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၃၃၈၀ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၃၃၈၀ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မတ် လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဍ) အက္ခရာထိ အက္ခရာ (၁၃)လုံး ဖြစ်ပါသည်။

၃။ (၈၃)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂ - ၂ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၁ - ၂ - ၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

၄။ ယခု(၈၃)ကြိမ်မြောက်တွင် ဝေဝေဆာဆာပဒေသာဆုမဲများ(ယူနစ်)မှ ကျပ်ငါးသောင်းဆုတွင် ပေါက်မဲနံပါတ်မှာ ည-၂၁ဖြစ်၍ (၃)ကြိမ် ထွက်ပေါ်လာပါသဖြင့် ကံထူးသူသည် ကျပ် ၁၅၀၀၀၀/- ရရှိမည်ဖြစ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄) ၁၁၅ လမ်းနှင့် ၇၄ (A) လမ်းထောင့်

## ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ် (၀၈ /၂၀၂၅-၂၀၂၆) ( ၀၂ - ၀၂ - ၂၀၂၆)

## အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ပိုင် မြေနှင့် အဆောက်အဦးများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်-

(က) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | | |
|---|---|---|
| အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် | - | ( ၂၄- ၀၂ -၂၀၂၆) |
| အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် | - | နံနက် ၉:၀၀ နာရီ။ |
| အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့်နေရာ | - | ကျားခေါင်းဘိလပ်မြေစက်ရုံ<br>တောင်တော်ကွင်း၊ကျောက်ဆည်မြို့။ |

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**Auction 08/01**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ (၉.၉၁)ကေရှိ နှစ်(၆၀)ဂရန်မြေ နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ် (၅,၀၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းငါးသောင်းတိတိ)**
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြီရှင်ထံတွင်ရှိပါသည်။**

(၂) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ သံရွာကျေးရွာအုပ်စု၊ တောင်တော်ကွင်း၊ ဧရိယာ (၈၀.၇၁)ကေ ရှိ လန/၃၉ စက်ရုံမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ်( ၈,၈၀၀,၀၀၀,၀၀၀/-) (ကျပ် သိန်း ရှစ်သောင်းရှစ်ထောင် တိတိ)**
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမြဝတီဘဏ်ထံတွင်ရှိပါသည်။(အပေါင်ရွေးနှုတ်ခွင့်ကို ရောင်းချခြင်းဖြစ်ပါသည်။)**

(၃) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာ၊ ကျွဲနဖားတောင်၊ ဧရိယာ (၂၃.၈၁) ကေရှိ လန/၃၉ စက်ရုံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
လေလံကြမ်းခင်းဈေးငွေကျပ်(၇,၃၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်း ခုနစ်သောင်းသုံးထောင်တိတိ)
**မှတ်ချက်။ ပိုင်ဆိုင်မှုစာရွက်စာတမ်း လန/၃၉ မိတ္တူသာ ရှိပါသည်။**

**Auction 08/02**

(၄) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊သံရွာကျေးရွာအုပ်စု၊ တောင်တော်ကွင်း၊ ဧရိယာ(၃၉.၄) ကေရှိ OA (အခြားမြေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ်(၃,၁၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းသုံးသောင်းတစ်ထောင်တိတိ)**

(၅) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ တောင်တော်ကျေးရွာအုပ်စု၊ နောင်ခမ်းကွင်း၊ ဧရိယာ (၁၀.၉၄)ကေ ရှိ ယာမြေ(သရက်ခြံ)နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ်(၃၆၀,၀၀၀,၀၀၀/-) (ကျပ်သိန်းသုံးထောင့်ခြောက်ရာတိတိ)**

(၆) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်- ၅၆၂၊ ဧရိယာ (၂.၀၈) ကေရှိ ယာမြေ နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ်(၂၁၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင့်တစ်ရာတိတိ)**

(၇) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်- ၅၆၂၊ ဧရိယာ (၂.၆၄) ကေရှိ ယာမြေ နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ်(၂၇၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင့်ခုနစ်ရာတိတိ)**

(၈) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ဧရိယာ(၁)ကေရှိ မြေနုကျွန်းမြေ နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊
**လေလံကြမ်းခင်းဈေး ငွေကျပ်(၇၀,၀၀၀,၀၀၀/-) (ကျပ်သိန်းခုနစ်ရာတိတိ)**

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက အိတ်ဖွင့်လေလံ ကျင်းပရေး ကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် (၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာ၌ ပါလာသည့်နေ့မှစ၍ ( ၁၉-၀၂ -၂၀၂၆)နေ့အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄) ၁၁၅ လမ်းနှင့် ၇၄ (အေ) လမ်းထောင့် ၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးမြို့ တွင်ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့် ပစ္စည်းများအတွက် အိတ်ဖွင့်လေလံ တင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ **Auction 08/01, 08/02,**အတွက် သမာဓိအာမခံကြေးငွေ(Earnest Money)(ကျပ် ၂၀၀,၀၀၀,၀၀၀/-)(ကျပ် သိန်းနှစ်ထောင်တိတိ) အား အိတ်ဖွင့်လေလံ ကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ထံသို့ (၀၃-၀၂-၂၀၂၆) နေ့မှ (၂၀-၀၂-၂၀၂၆)အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄) ၁၁၅ လမ်းနှင့် ၇၄ (အေ)လမ်းထောင့် ၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ငွေသားဖြင့် ပေးသွင်းရမည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၂၄-၀၂-၂၀၂၆) တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စားလွှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့်မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ၊စာရင်းအချက်အလက်များအား (၀၃-၀၂-၂၀၂၆) နေ့မှ (၁၉-၀၂-၂၀၂၆) အထိ ရုံးချိန်အတွင်း ကျွဲဆည်ကန်ရုံးတွင် ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117, 09-758211118, 09-758211119,

ဒေါ်ချိုချိုမြင့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဥက္ကဋ္ဌ
အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ
UE Export Import Company Limited
(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

### ပတ်စ်ပို့ပျောက်

ရောဝတီတိုင်းဒေသကြီး၊ဘိုကလေးမြို့နယ်၊ (၄)ရပ်ကွက်၊ (၆) လမ်းနေ စောမောင်လှ၏သမီး နော်ဆွေဆွေလှ ၁၄/ဘကလ(နိုင်)၂၀၅၃၅၄ ၏ နိုင်ငံကူးလက်မှတ်(အမှတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၃၂၅၅၂၈၉

### ပြင်ဆင်ဖတ်ရှုပါရန်

(၈၃)ကြိမ်မြောက် အောင်ဘာလေ သိန်းထီပေါက်စဉ်များဖြစ်သော ကံပေါ်ကြီး၊ ကြံတိုင်းအောင်၊ စူပါပါဝါ၊ ပန်ဆုအောင် တို့တွင် ကျပ်နှစ်သိန်းဆု ဂ-၂၀၄၇ ကို ဓ-၂၀၄၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄၇)၊ မြေကွက်အမှတ် (၂၄၄) (ဂရန်မြေ) နှင့် (၂၂၇ (ပါမစ်)မြေ ကွက်များကို ဝယ်ယူရန် ဒေါ်ကော်စီကား ၉/မကန(နိုင်)၀၅၃၁၅၁ က ပိုင် ရှင်ဖြစ်သူ ဒေါ်ခင်ခင်မြင့် ၁/မညန(နိုင်)၀၇၆၄၉၅ အား စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်များနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည် သူမဆို ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့် ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ကော်စီကား၏လွှဲအပ်ညွှန်ကြားချက်အရ -**
**U Myint Aung - B.A, DIP (RUSSIAN)**
**HIGHER GRADE PLEADER (3951)**
**No.58/60 1st Floor,**
**Maharbandoola Garden Street, Yangon.**
**09-443044564, 09-964044564, 09-795644564**

### ဦးဆန်းထွဋ်တင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သော ဒေါ်လွင်မိုးသူ(၁၂/မရက(နိုင်)၁၃၈၆၉၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လွင်မိုးသူ ၏ ခင်ပွန်းဖြစ်သူ ဦးဆန်းထွဋ်တင် (၁၂/စခန(နိုင်)၀၆၁၇၈၄) သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ခရီးသွားမည်ဟု ကျွန်ုပ်၏ မိတ်ဆွေအား အသိပေးပြီး နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ ထိုနေ့မှစ၍ ယနေ့အထိ နေအိမ်သို့ ပြန်လာခြင်းမရှိကြောင်း၊ အိမ်ထောင်ကျပြီးသည့်အချိန်မှစပြီး ဇနီးမောင်နှံကြား ညှိနှိုင်းဆွေးနွေးရန် ကိစ္စရပ်များရှိသည့် အချိန်တိုင်းတွင်လည်း ဖုန်းစက်ပိတ်၍ အိမ်မှထွက်သွားခြင်းများလည်းရှိကြောင်း၊ ယခုအခါ ကျွန်ုပ်မိတ်ဆွေဘက်မှ သည်းမခံနိုင်သည့်ကိစ္စရပ်များကို ပြုလုပ်သွားသည့်အတွက် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်များနှင့် သက်ဆိုင်မှုမရှိပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ကျွန်ုပ်မိတ်ဆွေ၏ မိသားစုဝင်များမှ တာဝန်မယူပါကြောင်း ဦးဆန်းထွဋ်တင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဒေါ်လွင်မိုးသူ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ဖြူဖြူလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၈၈/၂၀၂၃)**
**LL.B, MA Business Law, D.B.L, D.I.L, WIPO (Switzerland)**
**ဖုန်း-၀၉၇၈၉၄၄၄၄၈၄**
**တိုက် L-9၊ အခန်း(၀၄)၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၅)၊ အောင်မင်္ဂလာလမ်း၊ မြေတိုင်းအမှတ်(၁၅၁၆/ခ)ရှိ ဦးစံထွန်း (၁၂/လကန(နိုင်)၀၆၉၂၈၆)အမည်ပေါက် မြေချပါမစ်(မူရင်း)၊ ဧရိယာ အကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀) အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်နိုင်ဝင်း(၁၂/ဒဂရ(နိုင်)၀၀၈၅၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြဝင်း(၁၂/ရကန(နိုင်)၀၆၉၆၇၇) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်မြမြဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)
အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉- ၆၉၃၅၆၃၇၈၅

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်) ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၈)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၃ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးစိန်ရှန် ၁၂/တမန(နိုင်)၀၀၉၅၈၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အုန်းအုန်းဌေး ၇/ဒဥန(နိုင်) ၀၄၃၈၄၂)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊**
**၀၉-၉၅၅၃၅၅၃၅၄**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝ တောတွေ ထိန်းသိမ်းစို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်(61W/95627)Stream II-110 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co;ltd မှ ကမ-၃ ပျောက်မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ အကွက်အမှတ် (G)၊ ဦးပိုင်အမှတ် (၁၈)၊ ၁၀၅x၁၀၆ ကြား၊ ၆၆x၆၇ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနန်းမြင့်လွင် ၉/မရမ(နိုင်)၀၁၈၇၉၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၇၉၀/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဇင်မာလတ် ၉/ခအဇ(နိုင်)၀၀၂၁၂၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄) ရပ်ကွက်၊ အကွက်အမှတ် (ဃ-၄)၊ ဦးပိုင်အမှတ် (၁၂၀)၊ ၆၄ လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျန်းရီဖျင့် (TMN-၀၁၀၆၁၉) ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၁၂/၂၀၁၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းမင်းသိန်း ၉/ပကခ(နိုင်)၀၁၀၂၉၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (စစ-၄)၊ ဦးပိုင်အမှတ် (၈၃)၊ ၁၀၅x၁၀၆ ကြား၊ ၅၆x၅၇ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာကြည် ၉/မရတ(နိုင်)၀၇၈၅၇၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၈၇/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ညိုမီချမ်း ၁၃/သပန(နိုင်)၀၉၉၄၂၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေကွက်ကြီးအမှတ် (၁/န)၊ အိမ်ရာကွက်ငယ်အမှတ် (၁၄၂၅)၊ ဧရိယာအလျား ၆၀ ပေxအနံ ၄၀ ပေ၊ မြေကွက်သည် ဦးကြာရင် (TRY-၀၇၀၂၁၁) အမည်ဖြင့် လှည်းကူးမြို့နယ်မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားပေးရေးအဖွဲ့မှချထားပေးသောမြေကွက်ဖြစ်ပြီး ယင်းမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထား၍ လက်ရှိထားပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဦးတိုးတက် ၁၂/မဂဒ(နိုင်)၁၁၂၄၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိနှင်းထိုက် ၁၂/ပဇတ(နိုင်)၀၁၂၉၈၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၀၇)**
**အမှတ်(၃၈)၊ နဝရတ်(၉)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၅၄၃၄၆၅၂၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၁)၊ ဗိုလ်မင်းရောင်လမ်း၊မြေကွက်အမှတ် (၂၀၁၈/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ (၂၀x၆၀) ရှိ မြေချပါမစ်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ (ဘ) ဦးသူတော်၏ သမီး ဒေါ်မြမြ (CE-၀၁၂၇၂၄) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်အေးချို ၁၂/တမန(နိုင်)၀၁၇၆၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇင်ဦး ၇/သနပ(နိုင်)၁၂၄၄၇၈ က အဆိုပါ မြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းဦး (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၅၇၃/၂၄-၆-၂၀၂၄)**
**အမှတ်(၃၈၅)၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉ -၇၈၁၁၁၄၇၁၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၄၊ ဦးပိုင်အမှတ် ၆၃၊ ၅၆x၅၇ ကြား၊ ၁၀၅x၁၀၆ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်ထွေး ၉/မခန(နိုင်)၀၂၇၂၈၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၉၀၄/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်လင်းအောင် ၉/ပကခ(နိုင်)၀၂၈၁၈၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၅၊ ဦးပိုင်အမှတ် ၁၀၇/၆၄x၆၅ ကြား၊ ၁၁၂x မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသီဝင်း ၉/ရမသ(နိုင်)၀၁၀၆၃၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၇၀၅/၂၀၁၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ဦး ၁၃/နခန(ဧည့်)၀၀၀၁၄၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည-၇၊ ဦးပိုင်အမှတ် ၇၄/၆၁x၆၀ B လမ်းကြား၊ ၁၂၁x၁၂၂ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒုတက စံလွင် ၉/မနမ(နိုင်)၀၈၃၈၇၇ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၁၃၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ချစ် ၉/ မဟမ(နိုင်)၀၀၈၄၅၈ က မြေချထားမိန့်မူရင်းနှင့် ငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (တတ-၃)၊ ဦးပိုင်အမှတ် (၅၂)၊ ၆၀.Cx၆၁ ကြား၊ ၁၂၃x၁၂၄ လမ်းကြားရှိ ဦးကျော်ညွန့် အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်အေးအေးဆင့် က တရားပြိုင် ဦးကျော်ညွန့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၁၆/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာတရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အေးအေးဆင့် ၁၃/လရန(နိုင်)၁၂၁၉၈၃ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၄၅၊ ပပ-၄၆၊ ပပ-၄၇၊ H-၂၃၆ ဖိုးရာဇာလမ်း )၊ ဦးပိုင်အမှတ် ပပ-၄၅/ဃ၊ ၄၇x၅၁ လမ်းကြား၊ ဖိုးရာဇာလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် ကိုယ်စားအစည်းအဝေးဆုံးဖြတ်ချက်အရ ဦးသိန်းလှ ၉/မရတ(နိုင်)၀၇၈၃၅၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ် (၁၃/၁-ခ၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၄၁)၊ မြေဧရိယာ ၀ ဒသမ ၁၅၂ ဧကရှိမြေကွက်သည် မူလက ဦးမရန်လအမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ဂရန်အမည်ပေါက်သူ ဦးမရန်လမှာ ၅-၁၂-၁၉၉၉ ရက် တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်လဖိုင်မာပန်မှာ ၂၆-၁၀-၂၀၁၇ ရက်တွင် လည်းကောင်းအသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဒေါ်မာလိန်၊ ဦးနော်ဂျာ၊ ဦးတန်ဂွန်း၊ ဒေါ်လုဘူ၊ ဒေါ်ထုလွမ်တို့သားသမီး (၅) ဦးထွန်းကားခဲ့ရာ ၅-၅-၂၀၂၅ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၁၉၀/၂၀၂၅) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုအခါ ဒေါ်မာလိန် ၁/မကန(နိုင်) ၁၃၇၈၃၇၊ဦးနော်ဂျာ ၁/မကန(နိုင်)၁၂၀၈၃၉၊ဦးတန်ဂွန်း ၁/မကန(နိုင်)၀၂၄၂၀၇၊ ဒေါ်လုဘူ ၁/မကန(နိုင်)၀၂၄၂၀၆၊ ဒေါ်ထုဆမ်(ခ)ထုလွမ် ၁/မကန(နိုင်)၀၀၃၆၈၄ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စေတနာ (၅) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ် (၁၁၀၀) ဟုခေါ်တွင်သောဒေါ်အေးမြင့်(အမည်ပေါက်) မြေချပါမစ်မြေကွက်၏ အကျယ်အဝန်း (အလျား ၄၀ ပေxအနံ ၆၀ ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်အမှတ် (၁၁၀၁) နှင့် ကပ်လျက်ဘက်ခြမ်း အကျယ်အဝန်း(အလျား၂၀ ပေx အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် နေအိမ်အားအရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်း ၁၂/သဃက(နိုင်)၀၇၂၂၁၁ ထံမှ အပြီးအပိုင် ပြန်လည်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝဏ္ဏမှရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းခြင်းများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၃၆)**
**အမှတ်(၃၁၀)၊ ကျောက်စိမ်းမျက်ရတနာ (၂) လမ်း၊ ၅၆ ရပ်ကွက်၊**
**ဒဂုံမြို့သစ် သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၉၅၃၈၁၃၅၇**

## ပတ်စ်ပို့ပျောက်

မန္တလေးမြို့၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်(၁၁၁)နေ (ဘ) ဦးခင်မောင်မြင့်၏ သမီး မဝင့်ဝါဖူး ၉/အမဇ(နိုင်) ၀၈၅၈၁၄) ၏ ပတ်စ်ပို့နံပါတ် MJ-729556 မှာ 28-12-2025 ရက်၌ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၇၉၃၈၂၉၇၁၃**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း Grade-1 (သဇင်) မှ မောင်ဩဂတ်စတင်း ဝန့်ဇွပ်၏ အမည်မှန်မှာ မောင်ဝန့်ဇွပ် ဖြစ်၍ ၎င်း၏ ဖခင်အမည်မှန်မှာ ဦးလနောင် ၁/မကန(နိုင်)၁၃၆၃၅၉ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၁၊ စီတာပူ တောင်)၊ ဦးပိုင်အမှတ် (၁၉၆/၂)၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေကွက်သည် ဒေါ်ဂျီပေါင်းအမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက်ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး၊ ယခုအခါ ဒေါ်ဂျီပေါင်း ၁/ဝမန(နိုင်)၀၅၂၅၉၈ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်း ဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ နယ်မြေ (၆) နေ မဒရီဘောက်မွန်းဂျာ (ခ)မဘောက်မွန်းဂျာ ၁/မကန(နိုင်) ၂၃၈၈၇၈ သည် တစ်ဦးတည်းဖြစ်၍ ၎င်းမိခင် ဒေါ်လဖိုင်ဂျာဒွဲ(ခ)ဒေါ်ဂျာဒွဲ ၁/မကန(နိုင်)၁၀၅၆၈၆ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့နယ်၊ ပလနကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၉၊ ရွာကွက်-၁၊ အင်ကြင်းမြိုင်)၊ ဦးပိုင်အမှတ် (၁၃)၊ မြေဧရိယာ၀ ဒသမ ၅၉၄ ဧကရှိမြေကွက်သည်မူလက ဦးမောင်ဝင်းအမည်ဖြင့် ၂၁-၉-၂၀၂၅ ရက်အထိမြေ ငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဦးမောင်ဝင်းထံမှ ဦးပိုင် (၁၃/ခ)၊ မြေဧရိယာ၀ ဒသမ ၂၆၇ ဧကအပိုင်းကို ဒေါ်မေ သော်တာလှထူးက ၁၇-၁၀-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၃၈၉/၂၀၂၅) ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်မေသော်တာလှထူး ၁/မကန(နိုင်)၂၅၂၃၄၇ အမည်ဖြင့်အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

